ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၈ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၈)

ယနေ့ထုတ်
စောင်ရေ
၁၉၉၈၄၈

**ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ**

ပြည်ထောင်စု မြန်မာနိုင်ငံတော်
န ိ ု င ် င ံ ေ တ ာ ်
အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူဟာမက် နာဝပ်ဇ်ချောင်ဒရီအား ကုန်းမြင့်သာရှိ ဇေယျာသီရိ



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**ရန်ကုန် မေ ၇**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူဟာမက် နာဝပ်ဇ်ချောင်ဒရီသည် ယနေ့နံနက် ၁၀ နာရီတွင် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မူဟာမက် နာဝပ်ဇ် ချောင်ဒရီက ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၈ ရက်)

# ပြည်သူတစ်ရပ်လုံးက တပ်မတော်ကို မလွှတ်နိုင်ပြူ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်စောင့်ရှောက်

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ သန္ဓေတည်ပေါက်ဖွားခဲ့ပြီး မွန်မြတ်သော အစဉ်အလာ ၁၂ ရပ်နှင့် ပြည့်စုံသည့် တပ်မတော်ဖြစ်သည်။ တပ်မတော်သားများသည် မျိုးချစ်စိတ်ဓာတ်နှင့် စွန့်လွှတ်စွန့်စားခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ်ကြောင့် အပင်ပန်း အဆင်းရဲခံနိုင်ပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် တပ်မတော်အဖြစ် ရှင်သန်လာခဲ့သည်။

ထို့အတူပင် ရဲစွမ်းသတ္တိရှိခြင်း၊ စည်းကမ်းကောင်းခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယရှိခြင်း၊ စွမ်းရည်ရှိခြင်း စသည့်ဂုဏ်သတ္တိများသည် မျိုးချစ်စိတ်ဓာတ်အပေါ်တွင် အခြေခံပြီး ဖြစ်ထွန်းလာကြသည်။

မေလ ၆ ရက်နေ့ နံနက်ပိုင်းက ဗထူးတပ်မြို့ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသော ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်းပြောကြားရာတွင်–

**"ဒီလိုဂုဏ်အင်္ဂါတွေကြောင့်လဲ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်အဖြစ် ပြည်သူတွေရဲ့ ချစ်ခင်အားထားမှုကို ရရှိခဲ့တာပဲဖြစ်တယ်၊ ပြည်သူရဲ့ ရင်နှစ်သည်းချာဖြစ်တဲ့ မျိုးချစ်တပ်မတော်သားတွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ်မှာ သစ္စာကြီးမားခဲ့တယ်၊ ဒါကြောင့်လဲ အမျိုးသားရေးကို အစဉ်ရှေးရှုတဲ့တပ်မတော်ဟာ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်မှာ အရေးကြုံတိုင်း ပြည်သူရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့တာဖြစ်တယ်၊ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်သယ်ပိုးကြရမယ့် ခေါင်းဆောင်ငယ်တွေဖြစ်တယ်"**

ဟု မိန့်ကြားသွားသည်။

တပ်မတော်၏ အဓိကတာဝန်သုံးရပ်သည် နိုင်ငံတော်ကို ကာကွယ်ရန်၊ လေ့ကျင့်ရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရန်တို့ ဖြစ်သည်။

ပြည်သူကြားက ပေါက်ဖွားလာသည့် တပ်မတော်သားများသည် ပြည်သူ့အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားလျက် ရှိသည်။ ယနေ့တပ်မတော်က ပြည်သူနှင့်လက်တွဲပြီး နိုင်ငံတော်ကို တည်ဆောက်နေခြင်းသည်လည်း ၅၃ သန်းကျော်သော ပြည်သူများအတွက်သာမက နောင်လာမည့် သားစဉ်မြေးဆက်အတွက်ပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။ တပ်မတော်အစိုးရနှင့် ပြည်သူတို့လက်တွဲပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ကွန်ရက်ပမာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာတွင် သမိုင်းမှတ်တိုင် ထူနိုင်သည်အထိ အလျင်အမြန် အကောင်အထည်ဖော်နိုင်ပြီဖြစ်သည်။

ထို့အတူပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၌ အကြားအလပ်မကျန်ရစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော် လူဦးရေ၏ အများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးမှသာ နိုင်ငံသားအားလုံး၏ လူမှုစီးပွားရေးဘဝသည် အခြေခံခိုင်မာစွာ တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နေရာဒေသအနှံ့အပြားကို ရောက်ရှိကြမည့် တပ်မတော်သားများသည် တာဝန်ကျရာဒေသကို မိမိဇာတိရပ်ရွာကဲ့သို့ သဘောထားပြီး ဒေသစီးပွားတိုးတက်ရေးအပါအဝင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အားကြိုးမာန်တက် ဆောင်ရွက်ခြင်းဖြင့် မိဘပြည်သူကို လုပ်ကျွေးပြုစု ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက တပ်မတော်ကိုမလွှတ်နိုင်ပြူပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ခြင်းဟူသည့် ပြည်သူ့စစ်မဟာဗျူဟာအတွက် အသားတကျဖြစ်နေစေရန် တပ်မတော်သားများသည် ပြည်သူနှင့်တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ရှိကြမည်ဟု ယုံကြည်ပါသည်။ ။



မင်္ဂလာဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကကြီးမှူး ပြုလုပ်သော မိခင်များနေ့ နှစ်ပတ်လည်အခမ်းအနားနှင့် စွမ်းဆောင်ရည်ဆုပေးပွဲကို မေ ၁ ရက်က အမက (၂၆) ခန်းမ၌ ပြုလုပ်ရာ လုပ်ငန်းစွမ်းဆောင်ရည် ဆုရပေါက်ကုန်း ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မိုးမိုးအောင်အား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြသိန်းက ဆုချီးမြှင့်စဉ်။ (၃၆၃)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၇

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယမန်နေ့နံနက် ၁၀နာရီက အမျိုးသမီးအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၏ ဇနီးဒေါ်အေးအေး၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ဇနီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဌာနခွဲနှင့် ဌာနစိတ်များမှ အမျိုးသမီးဝန်ထမ်းများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ လက်ရွေးစင်အမျိုးသမီး အားကစားသမားများ တက်ရောက်ကြသည်။**

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း မိတ်ဆက်ပေးပြီးနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်အေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဖြစ်ပေါ်လာပုံ ရည်ရွယ်ချက်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့အကြံပေး ပုဂ္ဂိုလ် ဒေါ်ဝေဝေသင်းက ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့ဝင် ဒေါ်ခင်စောဥမ္မာက အဖွဲ့ချုပ်၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခြင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ခင်သိန်းရီက အဖွဲ့ချုပ်၏ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း တာဝန်များကို ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် အားကစားဝန်ကြီး၏ဇနီး ဒေါ်အေးအေးက လာရောက်ဟောပြောပို့ချပေးသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များနှင့် အဖွဲ့ဝင်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ အဖွဲ့ချုပ် စည်းရုံးရေးလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်မြင့်မြင့်အေးက လက်ခံရယူကြောင်းသိရသည်။

**(မြန်မာ့အလင်း)**




# မြန်မာလူငယ် ဂေါက်သီးရိုက်အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၇

**အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မေ ၄ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်သည့် (၂၅) ကြိမ်မြောက် အာရှ–ပစိဖိတ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် မေ ၁ ရက် နံနက် ၇ နာရီက မင်္ဂလာဒုံလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။** (အပေါ်ပုံ)

မြန်မာလူငယ် ဂေါက်သီးရိုက် အသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် သူရဦးဝင်းမြင့်၊ အုပ်ချုပ်သူနည်းပြအဖြစ် ဦးမျိုးထွန်း၊ အားကစားသမားများဖြစ်ကြသော ဖြိုးကျော်ကျော်၊ ရန်နိုင်ဖြိုး၊ ရန်မျိုးအေး၊ စိုးမိုးဝင်း၊ နေဗလဝင်းမြင့်၊ လင်းမိုးထွန်း၊ ဉာဏ်လင်းသန်း တို့လိုက်ပါသွားကြသည်။ မြန်မာလူငယ် ဂေါက်သီးရိုက် အသင်းအား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မိသားစုများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။

**(က–ပ)**

## စစ်ရေးပြနှင့် သုနာပြုစွမ်းရည်ပြိုင်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စစ်ရေးပြနှင့်သူနာပြု စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈နာရီခွဲက ဗိုလ်တထောင်မြို့နယ်အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။ ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းကိုယ်စားပြုပြိုင်ပွဲဝင် အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ပြိုင်ပွဲများတွင် အခြေခံစစ်ရေးပြ (အမျိုးသမီး၊ အမျိုးသား) ပြိုင်ပွဲ၊ တစ်ဦးချင်း၊ နှစ်ယောက်တွဲ နှင့် လေးယောက်တွဲ ရှေးဦးပြုစုခြင်းပြိုင်ပွဲ၊ လူထုအတွင်း ရှေးဦးပြုစုခြင်း ပြိုင်ပွဲများ ပါဝင်ပြီး ဆုရသူများကို မေ ၈ ရက်တွင် ကျင်းပမည့်ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၅ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ ကယားပြည်နယ် လွိုင်ကော်မြို့သို့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိသည်။

ကယားပြည်နယ် အပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူးချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ခြင်း၊ ကျေးလက်ဒေသသုံး တယ်လီဖုန်းများ အပါအဝင် တယ်လီဖုန်း ကွန်ရက်စနစ် တိုးချဲ့ခြင်းတို့ကြောင့် ပြည်နယ်၊တိုင်းများအကြား အနေဝေးနေရမှုများ ကျဉ်းကျုံ့သွားပြီး တိုင်းရင်းသား အချင်းချင်းသည် အပြန်အလှန် အထိအတွေ့များလာကာ ရင်းနှီးချစ်ကြည်မှုများ တိုးပွား၍ ပြည်ထောင်စုစိတ်ဓာတ်များ တိုးပွားလာစေလျက်ရှိကြောင်း။

# ပြည်နယ်၊တိုင်းအားလုံး မျှတစွာတစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိ ကယားပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ယခင်ကနှင့်မနှိုင်းယှဉ်သာအောင် တိုးတက်လာပြီ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား လွိုင်ကော်လေဆိပ်တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် ပြည်နယ်မှ ဌာနဆိုင်ရာများ၊ ဒေသခံများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ မြို့တော်ခန်းမသို့ သွားရောက်ပြီး ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လွိုင်ကော်ခရိုင်နှင့် လွိုင်ကော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ပြည်နယ်၏အကျယ်အဝန်း၊ တိုင်းရင်းသားလူမျိုးများ အတူတကွစုစည်းနေထိုင်မှု၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ဒေသ၏ စိုက်ပျိုးရေး၊ သီးနှံစိုက်စွမ်းအားနှင့် ဒေသဝမ်းစာ ဆန်ဖူလုံမှုအခြေအနေများ၊ စားသုံးဆီနှင့် အခြားသီးနှံဖူလုံမှုရရှိသည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ ၂၀၀၃-၂၀၀၄ခုနှစ် စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## စီမံကိန်းလျာထားချက်

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့မှု ကာလတိုစီမံကိန်းကာလအလိုက် စီမံကိန်းလျာထားချက်ထက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုများနှင့် စီးပွားရေးတိုးတက်မှုအခြေအနေများ၊ လူတစ်ဦးချင်းဝင်ငွေတိုးတက်လာခဲ့သည့် အခြေအနေများ၊ လယ်ယာ၊ သားငါး၊ သစ်တော၊သတ္တု စသည့် စီးပွားရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည့် ပြည်နယ်၊ တိုင်းများတွင် ကယားပြည်နယ်လည်း ပါဝင်နေသည့် အခြေအနေများ၊ နိုင်ငံ့စီးပွားရေးတွင် ပြည်နယ်၊ တိုင်းများက အချိုးအစားအလိုက် ပါဝင်ရမှုများကို ရှင်းလင်းပြောကြားသည်။

## အရှိန်အဟုန်ဖြင့်တိုးတက်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများ၊ ပြည်သူများသည် မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်နယ်၊တိုင်း ဒေသအသီးသီးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ အားလုံးမျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံများ၊ စီးပွားရေးအခြေခံများ၊ ပညာရေးနှင့် ကျန်းမာရေးအခြေခံများကို တိုတောင်းသောနှစ်ကာလအတွင်း ကြိုးစားပမ်းစား တည်ဆောက်နိုင်ခဲ့ပြီး ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး စသည့် နိုင်ငံရေးဆိုင်ရာ အခြေခံများကို ခိုင်မာစွာ ထူထောင်နိုင်ပြီဖြစ်သည့်အတွက် ဒေသတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ပြည်သူများသည် ကဏ္ဍစုံ ဘက်စုံမှ အတွေ့အကြုံကောင်း၊ အလေ့အကျင့်ကောင်းများ ရရှိရုံသာမက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ဖွဲ့စည်းဖြစ်ပေါ်နေပြီဖြစ်ရာ ရှေ့သို့အရှိန်အဟုန်မပျက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်သာလိုကြောင်း။

## ဒေသဆန်ဖူလုံလာ

ကယားပြည်နယ်အတွင်း စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ စိုက်ပျိုးရေရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ကြောင့် ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် ယခင်ကထက် မနှိုင်းယှဉ်သာအောင် တိုးတက်လာနေပြီဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့် ဒေသဆန်စတင်ဖူလုံမှုရှိလာပြီဖြစ်သည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိလာရကြောင်း။

ယခင်ကပြည်နယ်၏ အသားတင်စိုက်ပျိုးမြေသည်ဧက ၈၅၀၀၀ ကျော်သာ ရှိခဲ့ရာမှ ယခုအခါဧက ၁၄၀၀၀၀ ခန့်အထိ တိုးတက်လာခဲ့ကြောင်း၊ တစ်နှစ်ပတ်လုံး သီးနှံ စိုက်ပျိုးနိုင်သည့် ဧရိယာဧက နှစ်သိန်းကျော်အထိ တိုးတက်ရရှိလာကြောင်း။

## စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်

ပြည်နယ်၏ လူဦးရေနှင့်တည်ရှိသော မြေသယံဇာတကို ချိန်ထိုးကြည့်ပါက မြေသယံဇာတပေါများသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မဏ္ဍိုင်ပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထားလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုကို စီးပွားဖြစ် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ တင်ပို့နိုင်သည့် ကားလမ်း၊ ရထားလမ်းများရှိပြီးဖြစ်ရာ လယ်ယာသီးနှံများကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရန်သာ လိုအပ်ကြောင်း။

ထို့ပြင် ကယားပြည်နယ်သည် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသော ဖွံ့ဖြိုးရေးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းပါ အကျုံးဝင်နေသော ဒေသဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမှ အခြေခံကောင်းများရရှိလျက်ရှိရာ နယ်မြေဒေသ ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းပြီး ဖိဖိစီးစီး အလုပ်လုပ်ကြရန်သာလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၊တိုင်းအားလုံး မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အခြေခံများကို နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး ဦးတည်ချက်များနှင့်အညီ အင်တိုက်အားတိုက် တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ ပြည်နယ်၊ တိုင်းအားလုံး၌ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ တည်ရှိဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

ယင်းအခြေခံကောင်းများကို အခြေပြု၍ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံရေးဦးတည်ချက်များအနက် ယခုအခါ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဆိုသည့် ဦးတည်ချက်များကို ပြီးပြည့်စုံအောင် လက်တွေ့အကောင်အထည်ဖော်နေသည့် အချိန်ကာလဖြစ်ကြောင်း။

ယင်းဦးတည်ချက်များကို လက်တွေ့ရုပ်လုံးဖော်နိုင်ရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ရာ စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် ညီညီညွတ်ညွတ် တည်ဆောက်သွားကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

## ပံ့ပိုးကူညီ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ဗဟိုအဆင့်အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် ယနေ့အချိန်ကာလတွင် ကယားပြည်နယ်သည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အရှိန်အဟုန်မပျက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

## ရာနှုန်းပြည့်နီးပါး

ခေတ်မီနိုင်ငံတော်သစ်ကြီးဖြစ်အောင် တည်ဆောက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခိုင်မာအောင်၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင်၊ နိုင်ငံတော်၏ကာကွယ်ရေးအင်အား တောင့်တင်းအောင် မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အပြည့်အဝမဟုတ်သည့်တိုင် အခြေခံအုတ်မြစ်များကို ရာနှုန်းပြည့်နီးပါး ထူထောင်ပေးနိုင်ပြီ ဖြစ်ကြောင်း။

နိုင်ငံတော် အနေဖြင့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ဖြင့် ပြည်နယ်၊ တိုင်း၊ ဒေသအသီးသီး အကြားအလပ်မရှိ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ဦးစားပေးဆောင်ရွက်

ယင်းသို့ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာအောင် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း။

မိမိ တိုင်းမှူးအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့စဉ် လွန်ခဲ့သော ၁၅နှစ်ခန့်က ကယားပြည်နယ်တွင်လူဦးရေ ၁၅၀၀၀၀ ကျော်သာရှိခဲ့ရာမှ ယခုအခါ လူဦးရေ သုံးသိန်းကျော်အထိ တိုးတက်လာပြီးဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် လက်ငင်းစားနပ်ရိက္ခာ ဖူလုံရုံသာမက နောင်တိုးပွားလာမည့်မျိုးဆက်သစ်များအတွက်ပါ မပူမပင် စားနပ်ရိက္ခာ ဖူလုံအောင်ဆောင်ရွက်ကြရန် မိမိတို့မှာကြားတိုက်တွန်းနေခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁




# ကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကိုညှဉ်းပန်းနှိပ်စက်မှု မှန်မှန်ကန်ကန်တုံ့ပြန်ဆောင်ရွက်ပေးပါမည်ဟု ပါဝဲလ်အာမခံ

ဝါရှင်တန် မေ ၆

**အီရတ်ရှိအကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုနှင့် စပ်လျဉ်းသည့် မကျေနပ်ချက်များနှင့် နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာစီ)၏ မှန်ကန်သော အရေးယူဆောင်ရွက်မှု တောင်းဆိုချက်များကို အရေးယူတုံ့ပြန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အာမခံပြောကြားလိုက်သည်။**

ပါဝဲလ်သည် အိုင်စီအာစီ အကြီးအကဲ ဂျာကော့ဗ်ကယ်လင်ဘာဂါနှင့် တယ်လီဖုန်းဖြင့်ပြောကြားရာတွင် ထိုသို့ အာမခံပြောကြားလိုက်ခြင်းဖြစ်သည်။ ထိုသို့ ကောလင်းပါဝဲလ်က အာမခံပြောကြားရာ၌ မကြာသေးမီက ဖော်ပြခဲ့သော မတရားနှိပ်စက်ညှဉ်းပန်းသည်ဆိုသော ဓာတ်ပုံများနှင့် ကမ္ဘာအနှံ့ ယမ်းပုံမီးကျဖြစ်ခဲ့ရသော အဆိုပါစွပ်စွဲချက်များကိုတုံ့ပြန် အရေးယူ ဆောင်ရွက်ပေးပါမည်ဟု ပြောဆိုခဲ့သည်။

မိမိတို့ ပြည့်ပြည့်စုံစုံ တုံ့ပြန်အဖြေပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဌာန၌ ပါဝဲလ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

အဘူဂါရိပ် အကျဉ်းထောင်၌ မှန်ကန်သော အရေးယူဆောင်ရွက်မှုပြုရန် အမေရိကန်ပြည်ထောင်စုကို ထပ်ခါတလဲတောင်းဆိုခဲ့ကြောင်း အိုင်စီအာစီက ကြာသပတေးနေ့ အစောပိုင်း၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

# အကျဉ်းကျခံနေရသူများအား လွှတ်ပေးရန် ဘဂ္ဂဒက်၌တောင်းဆိုဆန္ဒပြ

**အဘူဂါရိပ် (အီရတ်) မေ ၆**

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့များက ညှဉ်းပန်းနှိပ်စက်ခဲ့သော ဘဂ္ဂဒက်ရှိ အကျဉ်းထောင်၏ အပြင်ဘက်တွင် ရာပေါင်းများစွာသော အီရတ်များသည် ဗုဒ္ဓဟူးနေ့က အကျဉ်းကျခံနေသူများအား လွှတ်ပေးရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။

## ဆန္ဒပြ

ကန့်ကွက်ဆန္ဒပြသူများသည် အီရတ်အလံများနှင့် အင်္ဂလိပ်လို ရေးထားသည့် လက်ကိုင်ပိုစတာများကို သယ်ဆောင်လာခဲ့ကြပြီး အဘူဂါရိပ် အကျဉ်းထောင်အပြင်ဘက်တွင် ပေါင်းစည်းဆန္ဒပြခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

**မေ ၅ ရက်က ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်းဂိတ်အဝင်ဝ၌ အမေရိကန်တပ်များ အိမ်ပြန်ကြဟူသော စာတန်းကိုင်ဆောင်၍ ဆန္ဒပြနေသော အီရတ်အမျိုးသားကြီးတစ်ဦးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)




# အီရတ်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များက ဥပဒေမဲ့သတ်ဖြတ်မှုများ သေဆုံးသူမိသားစုများ၏ ရှေ့နေများက လန်ဒန်တရားရုံးသို့ အမှုတွဲတင်သွင်း

လန်ဒန် မေ ၆

**စစ်ပြီးကာလ အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက တရားဥပဒေမဲ့ သတ်ဖြတ်ခဲ့သော သူများ၏ ဆွေမျိုးသားချင်း မိသားစု၁၄စုအတွက် လိုက်ပါဆောင်ရွက်ပေးသည့် ရှေ့နေများက ၎င်းတို့၏အမှုတွဲကို လန်ဒန်အထူးတရားရုံးသို့ ဗုဒ္ဓဟူးနေ့တွင် တင်သွင်းလိုက်ကြသည်။**

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက သေဆုံးမှုများအတွက် တာဝန်မရှိကြောင်းငြင်းဆိုသော်လည်း ဥရောပ ဥပဒေအရ ယင်းသို့သတ်ဖြတ်မှုများသည် သေဆုံးသူများ၏ အသက်ရှင်ပိုင်ခွင့်ကို ချိုးဖောက်ခြင်း ရှိမရှိ တရားဥပဒေကြောင်းအရ ပြန်လည်ဆန်းစစ်သုံးသပ်ရန် မိသားစုများ၏ ရှေ့နေဖီလ်ရှီနာက တောင်းဆိုခဲ့သည်။

## စစ်ဆေးမည်

ဗြိတိန်တပ်ဖွဲ့ဝင်များနှင့် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် သတ်ဖြတ်မှုနှင့် ပြစ်ဒဏ်ခတ်မှုများမှ မလွတ်မြောက်နိုင်ကြောင်း ထိုကိစ္စများအတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ရမည်ဖြစ်ကြောင်း ရှီနာက ပြောကြားသည်။

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ရှေ့နေများ၏ စုံစမ်းစစ်ဆေးမှုများကို တုံ့ပြန်အရေးယူဆောင်ရွက်ခဲ့ကြောင်း ပြောဆိုသည်။

## ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းခံရသူ အများအပြားမှာ အိမ်၌ရှိနေကြသူများ သို့မဟုတ် ၎င်းတို့၏ စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေကြသူများဖြစ်ကြောင်း ရှီနာက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# အီရတ်၌ လုံခြုံမှုမရှိလျှင် ရွေးချယ်ပွဲမဖြစ်နိုင်

**ကုလသမဂ္ဂ မေ ၄**

အီရတ်နိုင်ငံတွင် အဓိကရွေးချယ်ပွဲများကျင်းပရေးအတွက် ပြင်ဆင်မှုများပြုနေပြီဖြစ်သော်လည်း လုံခြုံရေးတိုးတက်မှုမရှိလျှင် ဇန်နဝါရီလ၌ အမျိုးသားလွှတ်တော်အတွက် လွတ်လပ်ပြီး တရားမျှတမှုရှိသော ဆန္ဒပေးပွဲများသည် ဖြစ်နိုင်စရာမရှိကြောင်း ကုလသမဂ္ဂအရာရှိတစ်ဦးက တနင်္လာနေ့၌ ပြောကြားလိုက်သည်။

အီရတ်ရွေးချယ်ရေးကော်မရှင်သစ်သည် ပြည်နယ်အသီးသီးတွင် အရာရှိခုနစ်ဦး၊ ညွှန်ကြားရေးမှူးချုပ်တစ်ဦးအပြင် ကော်မရှင်အဖွဲ့ဝင်များ ရရှိမည်ဖြစ်ကြောင်း၊ ထိုရာထူးနေရာများအတွက် သတ်မှတ်လျာထားမှုများ ဆောင်ရွက်ထားကြောင်း ကုလသမဂ္ဂရွေးချယ်ရေး အထောက်အကူဌာန ညွှန်ကြားရေးမှူး ကာရီနာပီရယ်လီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

## ဗုံးပေါက်ကွဲ

**မေ ၆ရက်က ဘဂ္ဂဒက်ရှိ အမေရိကန်တို့၏ အစိမ်းရောင်ဒေသအဝင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မီးသတ်ကားတစ်စီး မီးငြိမ်းသတ်ရန် ရောက်ရှိလာစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ကာဘာလာ၌ အီရတ်ပြောက်ကျားတို့ တိုက်ခိုက် အပေါင်းပါတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကာဘာလာ မေ ၆

**အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မော့တာဒါအယ်လ်ဆာဒါ၏ အီရတ်ပြောက်ကျားများနှင့် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွားရာတွင် အပေါင်းပါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။**

အဆိုပါ သေဆုံးသွားသည့်တပ်ဖွဲ့ဝင်မှာ မည်သည့်နိုင်ငံမှ တပ်ဖွဲ့ဝင်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။

## ပေါက်ကွဲ

ကာဘာလာမြို့ရှိ အမေရိကန်နှင့်အပေါင်းပါတို့၏ စစ်စခန်းကို အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များက စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများနှင့် လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် ကာဘာလာမြို့တွင် ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တိရစ္ဆာန်များ ဘေးမဲ့ဥယျာဉ်အတွင်း မိန်းကလေးငယ်တစ်ဦး ခြင်္သေ့ကိုက်ခံရ

ဝူဟန် မေ ၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလယ်ပိုင်း ဟူပေပြည်နယ် ဝူဟန်မြို့ အပြင်ဘက်ရှိ တိရစ္ဆာန်များကို ဘေးမဲ့ပေးထားသော ဥယျာဉ်တစ်ခု၌ ဗုဒ္ဓဟူးနေ့က ခြင်္သေ့ပေါက်ကလေးတစ်ကောင်က ၁၀နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ကိုက်ခဲ့ကြောင်း၊ အခြားခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

အဆိုပါ ခြင်္သေ့ပေါက်ကလေး ကိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော မိန်းကလေးငယ်မှာ ယမ်ယမ်ဟု အမည်ရပြီး သူသည် သူမ၏မိခင်အပါအဝင် အခြားအဖော် ၂၀တို့နှင့်အတူ ယင်းပန်းဥယျာဉ်ထဲသို့ ဝင်ရောက် လည်ပတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ပန်းခြံမှာ ကမ္ဘာလှည့်ခရီးသွားများ အတွက်ကိုပါ ဖွင့်လှစ်ပေးထားခြင်းဖြစ်သော်လည်း လာရောက်သည့် ဧည့်သည်များအတွက် အတားအဆီး အကာအရံ ပြုလုပ်ပေးထားခြင်းမရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

မိမိတို့ ပန်းခြံအလယ်တွင် လမ်းလျှောက်နေချိန်တွင် ခြင်္သေ့နှစ်ကောင်မှာ မိမိတို့၏လက်ဝဲဘက်တွင် တစ်ကောင်နှင့် လက်ယာဘက်တွင်တစ်ကောင် လဲလျောင်းနေကြောင်း အဆိုပါ ခြင်္သေ့အကိုက်ခံရသည့် မိန်းကလေး၏မိခင်က ပြောကြားသည်။

## ပို့ဆောင်ပေး

သူတို့လမ်းလျှောက်နေချိန်တွင် ခြင်္သေ့ပေါက်လေးက ရုတ်တရက် ယမ်ယမ်၏ပခုံးကို ကိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ပန်းခြံဝန်ထမ်းများ ရောက်ရှိလာပြီး ခြင်္သေ့ငယ်ကို မောင်းထုတ်ကာ ယမ်ယမ်ကို ဆေးကုသမှုခံယူရန် ဝူဟန်အမှတ် ၁၃ ဆေးရုံသို့ အလျင်အမြန် ပို့ဆောင်ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သတ်ဖြတ်ခဲ့သည့် အမေရိကန်များ အပြစ်ပေးမည်ဆိုသော သမ္မတဘုရှ်၏ကတိ အာရပ်တို့မယုံကြည်

ဒူဘိုင်း မေ ၆

**အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်သတ်ဖြတ်ခဲ့သည့် အမေရိကန်များကို အပြစ်ပေးမည်ဆိုသော သမ္မတ ဂျော့ဒဗလျူဘုရှ်၏ ရုပ်မြင်သံကြားမှ ဗုဒ္ဓဟူးနေ့၌ပေးသည့် ကတိစကားကို အာရပ်လူမျိုးတို့ မယုံကြည်၊ လက်မခံဘဲ ရှိကြပြီး ဘုရှ်၏ ကတိစကားသည် အလွန်နောက်ကျကြောင်း ပြောဆိုကြသည်။**

ဘုရှ်၏ ကတိစကားသည် အလွန်ကောင်းသော်လည်း သူသည် လူသိရှင်ကြား ဝန်ချတောင်းပန်ရမည်ဖြစ်သည်ဟု ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျာဝပ်အယ်လ် အနာနီက ပြောကြားသည်။

အသက် ၂၉ နှစ်အရွယ် လက်ဘနွန် အမျိုးသမီးက ဘုရှ်၏ကတိစကားသည် အဖြစ်အပျက်ကို ဖုံးကွယ်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း၊ သူတို့သာ မတရားညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း မလုပ်ခဲ့လျှင် ဘုရှ်သည်လည်း ဤသို့ ပြောမည်မဟုတ်ကြောင်း ပြောဆိုသည်။

**ကြိုးပမ်း**

အမေရိကန်သမ္မတ ဘုရှ်သည် ဖမ်းဆီးထားသော အီရတ်တို့ကို မတရားနှိပ်စက်သတ်ဖြတ်သော အမေရိကတို့ကို အပြစ်ပေးမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားမှနေ၍ ကတိပေးကာ အီရတ်နှင့် အာရပ်တို့အတွင်း အမေရိကန်၏ ပုံရိပ်သွင်ကို ပြန်ပြင်ရန်ကြိုးပမ်းခဲ့သည်။

**စက်ဆုပ်ဖွယ်**

အီရတ်အကျဉ်းထောင်အတွင်း လုပ်ဆောင်ချက်များသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းပြီး သူတို့သည် အမေရိကကို ကိုယ်စားပြုသူများမဟုတ်ကြောင်း ဘုရှ်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



မေ ၆ ရက်က ဖော်လူဂျာမြို့ ဂိုလန်ခရိုင်အနီး လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အယ်လ်ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် ကန်တို့ တိုက်ပွဲဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် မေ ၆

**အီရတ်ရှိ ဒီဝါနီယာမြို့တွင် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။**

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်တောင်ဘက်မြို့ရှိ အဆောက်အအုံနှစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့အား ဆာဒါမီဒီတပ်ဖွဲ့က အပြင်းအထန်တိုက်ခိုက်စဉ် တပ်ဖွဲ့ဝင်များသေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါတိုက်ပွဲတွင် ဆာဒါ၏ ရုံးအဆောက်အအုံကို စီးနင်းတိုက်ခိုက်ခြင်းလည်း အပါအဝင်ဖြစ်ပြီး အမှတ်(၁) သံချပ်ကာတပ်မနှင့် အမှတ်(၂) သံချပ်ကာယန္တရားတပ်မှ တပ်ဖွဲ့ဝင်များက ကပ်လျက်ရှိအဆောက်အအုံတစ်ခုကို စီးနင်းတိုက်ခိုက်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကန်၏အပေါင်းပါဖြစ်မှု အီတလီနှင့်ဥရောပနိုင်ငံအချို့ ဆက်ဆံရေးအဆင်မပြေ

**ရောမ မေ ၅**

အီတလီဝန်ကြီးချုပ် ဘာလူစကိုနီ အစိုးရသည် ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း သက်တမ်းအရှည်ဆုံး အစိုးရအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ အီတလီအစိုးရသည် ပြဿနာရပ်မျိုးစုံနှင့် ယခုအခါ ရင်ဆိုင်နေရပြီး ထိုအထဲမှ အကြောင်းအရာတစ်ရပ်မှာ အီရတ်ရှိ အီတလီတပ်ဖွဲ့ဝင်များကိစ္စဖြစ်သည်။

ဘာလူစကိုနီသည် အမေရိကန်နိုင်ငံ၏ ခိုင်မာသော အပေါင်းပါတစ်နိုင်ငံအဖြစ် ရပ်တည်နေခြင်းကြောင့် ဥရောပနိုင်ငံအချို့နှင့် အဆင်မပြေဖြစ်နေသည်။ ထို့အပြင် ဧပြီလမှစပြီး အီရတ်နိုင်ငံတွင် ဖမ်းဆီးထားခြင်းခံရသော အီတလီ ဓားစာခံသုံးဦးနှင့် ပတ်သက်ပြီး ဖမ်းဆီးထားသူများနှင့် စေ့စပ်ဆွေးနွေးမှုကိုလည်း မစ္စတာ ဘာလူစကိုနီက ပယ်ဖျက်ခဲ့သည်။

**(စီအင်န်အင်န်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ



မေ ၆ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဖာအိုမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ သေနတ်များကို အသင့်အနေအထားဖြင့် ချိန်ရွယ်ကာ လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကန်တပ်ဖွဲ့ဝင်များနှင့်အီရတ်လက်နက်ကိုင်အုပ်စုများ ဘဂ္ဂဒက်အနောက်မြောက်၌ တိုက်ပွဲဖြစ်ပွားရာ လူငါးဦးသေဆုံး

ဘဂ္ဂဒက် မေ ၅

**အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်အုပ်စုများအကြား တိုက်ပွဲများဖြစ်ပွားမှုကြောင့် ပြီးခဲ့သည့်တနင်္လာနေ့မှ အင်္ဂါနေ့နေ့လယ်အထိ လူငါးဦးသေဆုံးခဲ့သည်။**

အီရတ်နိုင်ငံတောင်ပိုင်းနှင့် နာဂျက်ဖ်မြို့၌လည်း အီရတ်ခေါင်းဆောင် မူတာဒါအယ်ဆာဒါ၏ လက်နက်ကိုင်အဖွဲ့များသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

**သေဆုံး**

ဘဂ္ဂဒက်မြို့အနောက်မြောက်ပိုင်း၌လည်း အီရတ်လက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲဖြစ်ပွားသည့်အတွက် အီရတ်လက်နက်ကိုင် လေးဦးသေဆုံးခဲ့ပြီး အီရတ်အလယ်ပိုင်း အမ်ဘာဒေသ၌ အမေရိကန်မရိန်းတပ်သားတစ်ဦး တိုက်ပွဲကြောင့်သေဆုံးခဲ့သည်။

**တာဝန်ယူ**

ဖော်လူဂျာမြို့တွင် အဓိကတိုက်ပွဲများ ဖြစ်ပွားခြင်းမရှိတော့ဘဲ အီရတ်တပ်ဖွဲ့က ပြီးခဲ့သော သောကြာနေ့ကပင် ဖော်လူဂျာတောင်ပိုင်း၌ လုံခြုံရေးတာဝန်ယူခဲ့သည်။

**(အင်န်အိပ်ချ်ကေ)**

# ငါးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရေး ဗီယက်နမ်နှင့် လာအိုသဘောတူညီ

ဟန္နိုင်း မေ ၆

**ဗီယက်နမ် ငါးလုပ်ငန်းဝန်ကြီးဌာနနှင့် လာအို စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနတို့သည် ဟန္နိုင်းတွင် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး ငါးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။**

နှစ်နိုင်ငံတို့သည် ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအစီအစဉ်ကို သဘောတူညီခဲ့ကြကြောင်း ဒေသခံ ဗီယက်နမ် အီကော်နောမစ်တိုင်းမ်း သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

**ကူညီ**

ထို့ပြင် သတင်းဖလှယ်မှုတိုးမြှင့်ရေးအတွက်လည်း သဘောတူညီခဲ့သည်။ တစ်စိတ်တစ်ပိုင်းအဖြစ် ဗီယက်နမ်သည် ငါးထုတ်လုပ်ရေးနည်းပညာနှင့် ပတ်သက်၍ လာအိုဝန်ထမ်းများအား လေ့ကျင့်မှု ကူညီရမည်ဖြစ်ပြီး ငါးပြုစုထုတ်လုပ်ရေးနည်းပညာနှင့် စီးပွားရေးကို အချိန်တိုနှင့်ရေရှည်ကာလ နှစ်မျိုးစလုံး ကူညီရမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်လုံခြုံရေး အခြေအနေ မတိုးတက်သမျှ ဖိလစ်ပိုင် အလုပ်သမားများ အီရတ်သို့ မပို့

**မနီလာ မေ ၆**

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ မတိုးတက်သမျှ အီရတ်သို့ ဖိလစ်ပိုင်အလုပ်သမားများကို စေလွှတ်ခြင်းမပြုရန် ကူဝိတ်၊ ဂျော်ဒန်နှင့် အခြားအရှေ့အလယ်ပိုင်းနိုင်ငံများရှိ ပုဂ္ဂလိက ကုမ္ပဏီများကို ပြောဆိုထားကြောင်း ဖိလစ်ပိုင်အစိုးရက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ယင်းဆုံးဖြတ်ချက်ကို ဖိလစ်ပိုင် ပင်လယ်ရပ်ခြား အလုပ်အကိုင် စီမံအုပ်ချုပ်ရေးအဖွဲ့(ပီအိုအီးအေ)နှင့် အီရတ်လုံခြုံရေးအခြေအနေကို အကဲဖြတ်သော အရှေ့အလယ်ပိုင်းပြင်ဆင်ရေးအဖွဲ့တို့ သဘောတူခဲ့ကြောင်း ပီအိုအီးအေ ညွှန်ကြားရေးမှူး ရေမွန်တီယွန်လော့က ပြောကြားသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ဖိလစ်ပိုင်သံရုံးများကို ပိတ်ပင်တားမြစ်သော ကုမ္ပဏီများစာရင်းကို ပေးပို့ရန် ညွှန်ကြားထားကြောင်း တီယွန်လော့က ပြောကြားသည်။

အီရတ်၌ရှိသော ပီအိုအီးအေမှတ်ပုံတင် ဖိလစ်ပိုင်အလုပ်သမား ၄၀၀၀၏ အများစုကို အမေရိကန်စစ်ဘက်ဆိုင်ရာစခန်းများတွင် အကန့်အသတ်ဖြင့်ထားရှိသော်လည်း အခြားအရှေ့အလယ်ပိုင်းနိုင်ငံများမှတစ်ဆင့် ဖိလစ်ပိုင်အလုပ်သမားအများအပြားသည် ဝင်လာနေဆဲဖြစ်ရာ အများစုမှာ ယာဉ်မောင်းများဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုသို့ စစ်ဘက်ဆိုင်ရာရိက္ခာပစ္စည်းများ ပေးပို့ပြီး အပြန်၌ ချုံခိုတိုက်ခိုက်ခံရသဖြင့် ဖိလစ်ပိုင် ထရပ်ကားမောင်းသူတစ်ဦး သေဆုံးခဲ့ရပြီးနောက် အီရတ်ရှိ ပင်လယ်ရပ်ခြား ဖိလစ်ပိုင်အလုပ်သမားများနှင့်ပတ်သက်၍ ဖိလစ်ပိုင်အစိုးရက စိုးရိမ်ပူပန်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရာမာဒီမြို့အနီး အီရတ်ပြောက်ကျားတို့ စိန်ပြောင်းဖြင့်ပစ်ခတ်

## ဖလော်ရီဒါနယ်သား ကန်တပ်ကြပ်ကြီးနှစ်ဦးသေဆုံး

ဝါရှင်တန် မေ ၆

**အီရတ်နိုင်ငံတွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၇၀၀ ကျော်သွားပြီဖြစ်သော်လည်း ထိုသေဆုံးသူများတွင် တောင်ဖလော်ရီဒါနယ်သားများ တစ်ဦးမျှပါဝင်ခဲ့ခြင်းမရှိဟု သိရသည်။**

သို့ရာတွင် ပြီးခဲ့သည့် တနင်္ဂနွေနေ့၌ ရာမာဒီအနီးတွင် စိန်ပြောင်းဖြင့် ပစ်ခတ်ခံရမှုကြောင့် တောင်ဖလော်ရီဒါနယ်သားများဖြစ်ကြသော တပ်ကြပ်ကြီး ဘော့ပ်ဂျင်ကင်နှင့် စကော့မက်ဟာ့ဂ်တို့နှစ်ဦး သေဆုံးခဲ့ကြရသည်။

ထိုသတင်းကိုကြားရသော မိသားစုများ၊ မိတ်ဆွေများနှင့် အိမ်နီးနားချင်းများသည် တုန်လှုပ်ချောက်ချားခဲ့ကြရသည်။ မက်ဟာ့ဂ်၏ မိခင်ဖြစ်သူထံ ရုပ်မြင်သံကြားဌာနတစ်ခုက အဆက်အသွယ်ပြုကြည့်သောအခါ သူ့သားသေဆုံးခြင်းမရှိကြောင်းငြင်းခဲ့သည်။ မက်ဟာ့ဂ်သည်သူ၏ (၃၃)နှစ်မြောက် မွေးနေ့အပြီး သုံးရက်အကြာ၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

**ကျင်းပမည်**

ဂျင်ကင်နှင့်ဇနီး လစ်ဇ်တို့သည်လည်း နှစ်ပတ်အတွင်း သူတို့၏ငါးနှစ်မြောက် လက်ထပ်မင်္ဂလာနှစ်ပတ်လည်နေ့ကို ကျင်းပတော့မည်ဖြစ်သည်။

**သေဆုံးခဲ့**

အခြားသတင်းတစ်ရပ်တွင် အီရတ်၌ နောက်ထပ်အိုကလာဟိုးမား နယ်သားတစ်ဦး သေဆုံးသွားကြောင်း ဗုဒ္ဓဟူးနေ့၌ သတင်းရရှိခဲ့သည်။ သေဆုံးသူမှာ တပ်ကြပ်ကြီး အယ်ရစ်ဆင်ပက်တီဖြစ်ပြီး ယခုသီတင်းပတ် အစောပိုင်း၌ ဖြစ်ပွားခဲ့သော တိုက်ပွဲအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**

## နောက်ထပ် ညှဉ်းပန်းနှိပ်စက်မှုမဖြစ်စေရန် အီရတ်အကျဉ်းထောင်၌ တာဝန်ယူမည့် မီလာတောင်းပန်

**အဘူဂါရိုပ် မေ ၅**

အီရတ်နိုင်ငံအဘူဂါရိုပ်အကျဉ်းထောင်၌ အကျဉ်းသားများကို မတရားနှိပ်စက်ခြင်းခံရသည့် သတင်းဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် အီရတ်ရှိ စစ်ဘက်အကျဉ်းထောင်များကိုကိုင်တွယ်ရန် အသစ်ခန့်အပ်ခြင်းခံရသော ဗိုလ်ချုပ်က ထိုဖြစ်ရပ်အတွက် ဗုဒ္ဓဟူးနေ့တွင် တောင်းပန်လိုက်ပြီးနောင် ဤသို့ထပ်မဖြစ်စေရန် အီရတ်ပြည်သူများသို့ တောင်းပန်လိုက်သည်။

**တောင်းပန်**

အဘူဂါရိုပ်အကျဉ်းထောင်၌ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်ခဲ့ကြမှုများအတွက် မိမိတောင်းပန်လိုကြောင်း ဗိုလ်ချုပ်ဂျက်ဖရီမီလာက ဘဂ္ဂဒက်မြို့ပြင်ရှိ အကျဉ်းထောင်၌ပြောကြားသည်။

ထို့ပြင် မီလာက အီရတ်အကျဉ်းထောင်၌ ကျူးလွန်ခဲ့သော ဥပဒေမဲ့လုပ်ရပ်များအတွက် အီရတ်ပြည်သူများကို မိမိအနေဖြင့် တောင်းပန်လိုကြောင်း သတင်းထောက်များကို ပြောကြားသည်။

အဘူဂါရိုပ်အကျဉ်းထောင်၌ ယမန်နှစ်က ဖြစ်ပေါ်ခဲ့သော မတရားနှိပ်စက်ညှဉ်းပန်းမှုများကို တွေ့ရှိခဲ့ပြီးနောက် အီရတ်နိုင်ငံ၌ တာဝန်ယူရန် မီလာကို လွှန်ခဲ့သည့်လ၌ ဂွမ်တာနာမိုပင်လယ်အော်မှနေ၍ အီရတ်သို့ ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဤသို့သောဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်စေရန် မိမိအာမခံကြောင်း အကျဉ်းထောင်ကို သတင်းထောက်များအား လှည့်လည်ပြသပြီးနောက် မီလာက ပြောကြားသည်။ **(အင်တာနက်)**



## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## နာဂျက်ဖ်မြို့မှ ကန်တပ်များ ရုပ်သိမ်းလျှင် အပစ်အခတ်ရပ်စဲမည်ဟု ဆာဒါ၏ပြောခွင့်ရပုဂ္ဂိုလ် ပြောကြား

ဘဂ္ဂဒက် မေ ၆

**အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ပြင်ရှိ ပူးပေါင်းအခြေစိုက်စခန်းမှ အမေရိကန်တပ်များရုပ်သိမ်းပေးလျှင် အမေရိကန်တို့အား ဆာဒါ၏တပ်များက တိုက်ခိုက်နေမှု ရပ်တန့်ပေးမည်ဖြစ်ကြောင်း ဆာဒါ၏ပြောရေးဆိုခွင့်ရှိသူက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။**

ဆာဒါသင်ကြားရေး ဆေးရုံရှိ အခြေစိုက်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးလျှင် မိမိတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လိုက်နာမည်ဖြစ်ကြောင်း ရှိတ်အာမက်အယ်လ်ရှာဘာနီ၏ ပြောကြားချက်ကို ကာတာအခြေစိုက် အယ်ဂျာဇီရာရုပ်မြင်သံကြားက ကိုးကားထုတ်လွှင့်သည်။

ဆာဒါသည် နာဂျက်ဖ်မြို့ရှိ ၎င်း၏ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရတ်ရဲတပ်ဖွဲ့ဝင်များ ပြန်လာကြရန်လည်း သဘောတူထားကြောင်း၊ မီဒီတပ်ဖွဲ့ဝင်များကို နာဂျက်ဖ်မြို့နှင့် ကူဖာမြို့တို့ဝန်းကျင်တွင် တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

**ပြောင်းရွှေ့**

အမေရိကန် တပ်များသည် ယခင်က စပိန်တပ်ဖွဲ့ဝင်များနှင့် လက်တင်အမေရိကတပ်များ သိမ်းပိုက်ထားသောနေရာသို့ ပူးပေါင်းအခြေစိုက်စခန်းအဖြစ် ပြောင်းရွှေ့ခဲ့ရသည်။

**စစ်ဆေးရေးဂိတ်**

အမေရိကန် တပ်ဖွဲ့ဝင်များသည် နာဂျက်ဖ်ဆင်ခြေဖုံးများတွင် ပုံမှန်ကင်းလှည့်မှုများ ပြုလုပ်လျက်ရှိပြီး မြို့ကြီးနှစ်မြို့ကြားရှိ ဆာဒါထောက်ခံသူများ၏ လှုပ်ရှားမှုများ ရပ်တန့်စေရန် စစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်လျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မေ ၅ရက်က ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် အက်ဖ်စီပေါ်တိုနှင့် ဒီပို့တီဗိုအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အက်ဖ်စီပေါ်တိုအသင်းမှ ဒီကိုယာနှင့် ဒီပို့တီဗိုအသင်းမှ ဗစ်တာတို့ ဘောလုံးယှဉ်လုစဉ်။** (ယင်းပွဲတွင် ပေါ်တိုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)



## လုံခြုံရေး စောင့်ကြပ်

**မေ ၆ ရက်က နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့ လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အီရတ်အကျဉ်းသားများကိုနှိပ်စက်မှု လုံးဝလက်မခံနိုင်ဟုပြင်သစ်ပြောကြား

ပဲရစ် မေ ၆

**အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်း နှိပ်စက်သည့်သတင်းကို ကြားရ၍လုံးဝလက်မခံနိုင်ကြောင်း၊ ယင်းသတင်းမှန်လျှင် နိုင်ငံတကာကွန်ဗင်းရှင်းကို ချိုးဖောက်မှုသာဖြစ်ကြောင်း ပြင်သစ်နိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။**

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ စစ်ပွဲဆင်နွှဲခဲ့ခြင်းကို ပြင်သစ်နိုင်ငံက ဦးဆောင်၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြောင်း၊ ကုလသမဂ္ဂ၏ မူဘောင်အရ အီရတ်တို့အား အချုပ်အခြာအာဏာလွှဲပြောင်းရေးအတွက် ဆွေးနွေးရာတွင် ပြီးခဲ့သောသီတင်းပတ်က ပြင်သစ်သမ္မတ ဂျက်ရှီရက် ပြောကြားခဲ့ကြောင်း လွန်ခဲ့သောရက်များအတွင်းက မီဒီယာများက ဖော်ပြခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သောပုံများအရ အီရတ်အကျဉ်းသားများမှာ ညှဉ်းပန်းနှိပ်စက်ခံရမှုများ သေချာမှုရှိကြောင်း၊ ထိုကိစ္စသည် လုံးဝလက်ခံနိုင်မည်မဟုတ်ကြောင်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။**အမ်အင်အေ၊ ရိုက်တာ**

## ကမ္ဘာ့ကြေးအရဆုံး ဘောလုံးသမားများအမည်စာရင်းထုတ်ပြန်

## ဒေးဗစ်ဘက်ခမ်း တစ်နှစ်ဝင်ငွေ ဒေါ်လာနှစ်သန်းကျော်ရရှိ

ပါရီ မေ ၅

ကမ္ဘာ့ကြေးအရဆုံး ဘောလုံးသမားများ၏ အမည်စာရင်းကို ပြင်သစ်ဘောလုံးမဂ္ဂဇင်း ဖရန့်ဖေးဖွတ်ဘောလ်က ထုတ်ဝေရေးသားခဲ့သည်။ ကမ္ဘာကျော်ဘောလုံးသမားဒေးဗစ်ဘက်ခမ်းသည် တစ်နှစ်လျှင်ဝင်ငွေ ဒေါ်လာနှစ်သန်းကျော်ရရှိပြီး ရော်နယ်ဒိုနှင့် ဇီဒန်းတို့၏ဝင်ငွေထက် သာလွန်နေသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘက်ခမ်းကို တစ်လလျှင် ဒေါ်လာငါးသိန်းသုံးသောင်းဖြင့်ငှားရမ်းထားခြင်းဖြစ်ပြီး ဘက်ခမ်းသည် ကမ္ဘာ့ကြေးအပေးရဆုံး ဘောလုံးသမားတစ်ဦးဖြစ်လျက်ရှိသည်။ ရော်နယ်ဒိုနှင့် ဇီဒန်းတို့သည်လည်း ဘက်ခမ်းပြီးလျှင် ကြေးအရဆုံး ဘောလုံးသမားများဖြစ်သည်။ ၎င်းတို့သုံးဦးစလုံးကို စပိန် ရီးယဲလ်မက်ဒရစ်အသင်းက ငှားရမ်းထားခြင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကို ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားလျက်ရှိသည်။ ပြင်သစ်ဘောလုံးသမားအချို့၏ တစ်လဝင်ငွေသည်လည်း ဒေါ်လာလေးသောင်းဝန်းကျင်ခန့်ရှိသည်။ ဖာနန်ဒိုမိုရီယွန်တက်စ်သည် ဝင်ငွေအများဆုံးရသော ပြင်သစ်ဘောလုံးသမားအဖြစ် ရှေ့ဆုံးမှရှိနေပြီး ဖေဘီယင်ဘားသက်ဇ်နှင့် လူဒိုဗစ်ဂူလီတို့က ၎င်း၏နောက်မှ နေရာယူထားကြသည်။ ကမ္ဘာကျော်ဘောလုံးသမားများ မည်မျှဝင်ငွေများများ ကမ္ဘာ့ဂေါက်သီးကစားအကျော်အမော် တိုက်ဂါးဝုဒ်၏ တစ်နှစ်ဝင်ငွေကို မမီဘဲရှိနေသည်။ တိုက်ဂါးဝုဒ်သည် တစ်နှစ်လျှင် ဒေါ်လာ ၈၃ သန်းခန့် ဝင်ငွေရှိကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ လှိုင်ကော်မြို့ရှိ ကျောင်းတိုက်များမှ ဆရာတော်အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# စက်မှုစွမ်းအား ခေတ်ကျော်လွှား

*✻ ကျောဖုံးမှ*

ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာသုံးဆောင်ကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ ဗထူးတပ်နယ်မှမိသားစုများ၊ တေးသံရှင်များနှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

**ဆက်ကပ်လှူဒါန်း**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လှိုင်ကော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**



## ကမ်းဆင့်အမွေ

**ꩮ စစ်သားဖခင်၊ မွေးမိခင်တို့**
**သန့်စင်မွေးဖွား၊ သားယောကျ်ားမို့**
**ကြီးထွားလွန်မြောက်၊ အရွယ်ရောက်သော်**
**တစ်ယောက်ဆိုတစ်အား၊ နိုင်ငံ့သားစစ်**
**ကေန်ဖြစ်အောင်၊ ပြည်ချစ်တပ်မတော်**
**မှုထမ်းပျော်ပါ၊ စေ့ဆော်ညွှန်ပြ**
**နေရာချ၍၊ မိဘနှစ်ပါး**
**ကျေပွန်သွားသော၊ စစ်သားဝန်တာ**
**ကမ်းဆင့်ကာလျှင်၊ စဉ်လာမွေနှစ်**
**ထိန်းသိမ်းရစ်သည့်၊ စစ်သားဘဝ**
**ငါလျှင်ရ။**
**ꩮ စစ်သားဘဝ၊ မွေ့ပျော်ရစဉ်**
**ကြီးစွ ငယ်စွ၊ ဝန်တာမျှ၍**
**ထကြွဝန်ထမ်း၊ ဘယ်မပန်းခဲ့**
**ရှေ့တန်း နောက်တန်း၊ တပ်လုပ်ငန်းနှင့်**
**ခွဲခြမ်းစိတ်ပြု၊ အုပ်ချုပ်မှုတာ**
**မြောက်မြားစွာကို၊ စေတနာပြင်**
**ပြည်ချစ်မြင်ဖြင့်၊ စွဲထင်မှတ်ကာ**
**(တပ်မတော်သာအမိ၊ တပ်မတော်သာအဖ)**
**သံမှိုချသို့၊ ထိုမှတစ်ပါး**
**အခြားမရှိ၊ သည်အသိဖြင့်**
**တပ်၏ဝန်တာ၊ ပြည့်ဝန်တာကို**
**ကျေစွာထမ်းလျက်၊ ဦးထိပ်ရွက်။**
**ꩮ ခြောက် – ဖမိ အမွေ၊ တပ်၌နေရင်း**
**ကြာရှည်ကာလ၊ မြောက်မြားစွတည့်**
**ဘဝမိခင်၊ တပ်ရင်ခွင်၌**
**ငြိုငြင်မရှိ၊ နေခဲ့ဘိစဉ်**
**ဖမိပေးသွား၊ တပ်မတော်သားဘဝ**
**ငါကားရခဲ့၊ ငါမှလွန်မြောက်**
**ငါ့သားရောက်သော်၊ စွမ်းလောက်မှန်းမျှော်**
**တပ်မတော်သို့၊ ဝင်ပျော်မှုထမ်း**
**လက်ဆင့်ကမ်းအံ့၊ ရော်ရမ်းမျှော်ရှည်**
**ကြည့်လိုက်လေမူ၊ သူ့မေရင်ခွင်**
**ခေါင်းတိုးဝင်၍၊ သန့်စင်နို့ရေ(ရည်)**
**သောက်စို့နေသော၊ စိုပြည်ဖွံ့ထွား**
**ချစ်သောသား၏၊ ပြုံးများလှိုင်ပြည့်**
**သူ့အကြည့်ကြောင့်၊ ပီတိအားရ**
**ငါစိတ်ချပြီ**
**ငါ့၏တာဝန်ကျေတော့မည်။**
**“ဖ မိ” မြင်ပါစေရှေ့အတည်။ ။**
**(တပ်မတော်သားဘဝသို့ရောက်ခဲ့သော**
**မေလ ၈ ရက် အမှတ်တရ)**

**ရန်နိုင်ဦး**

*စာမျက်နှာ ၃ မှ*

သို့မှသာ နောင်လာနောက်သားများအတွက် မိမိတို့တာဝန်ကျေပွန်မှာဖြစ်ကြောင်း၊ အခြားပြည်နယ်၊တိုင်းများနည်းတူ ကယားပြည်နယ်ကို တစ်ပြိုင်တည်း ယှဉ်တွဲဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ ပေါ်ထွက်လာသော စိတ်ထားစေတနာကြောင့်ပင်ဖြစ်ကြောင်း။

မိမိတို့၏ ပြည်ထောင်စုကြီးအတွင်း၌ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အေးအတူပူအမျှ ရင်းနှီးချစ်ကြည်စွာ အတူတကွယှဉ်တွဲနေထိုင်လျက်ရှိကြသည်မှာ နှစ်ပရိစ္ဆေဒရှည်ကြာခဲ့ပြီးဖြစ်ကြောင်း။

**ပြည်ထောင်စုလေးသဖွယ်**

ကယားပြည်နယ်အတွင်း၌ပင် ကယား၊ ဗမာ၊ ပဒေါင်း၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးစုများ အတူယှဉ်တွဲလျက် နေထိုင်လျက်ရှိရာ ကယားပြည်နယ်သည် ပြည်ထောင်စုလေးသဖွယ် ဖြစ်တည်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုများအတွင်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားနေအောင် စည်းရုံးဖော်ဆောင်ကြရမှာဖြစ်ကြောင်း။

ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုချုပ်ငြိမ်းပြီး နယ်မြေတည်ငြိမ်အေးချမ်းသည်နှင့်အမျှ ယင်းနယ်မြေဒေသဖွံ့ဖြိုးတိုးတက်အောင် ပို၍လုပ်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

ယခုအခါ ကယားပြည်နယ်သည်လည်း ယခင်ကနှင့်မတူ တည်ငြိမ်အေးချမ်းစပြုလာနေပြီဖြစ်ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှု ချုပ်ငြိမ်းသွားပါက ကယားပြည်နယ်သည် ပို၍ဖွံ့ဖြိုးတိုးတက်သွားမှာသေချာကြောင်း။

**အားကြိုးမာန်တက်ဆောင်ရွက်**

ကယားပြည်နယ်တွင် ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တာဝန်ကျသည့် ကယားပြည်နယ်ကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအားလည်း မိမိ၏မိဘဆွေမျိုးကဲ့သို့ သဘောထား၍ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းဖြင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဖူးမြော်ကြည်ညို**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ လှိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ၊ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝိမုတ္တိသုခရိပ်သာကျောင်း ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ ကေသရဓဇနှင့် လှိုင်ကော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်အရှင်သူမြတ်များအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရွှေတောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ စည်းဝေးမည်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံဆရာဝန်အသင်းဗဟိုဦးစီးအဖွဲ့ ဒုတိယအကြိမ်အစည်းအဝေးကို မေ ၂၂ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များမပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Computer Worm သတိပေးချက်ထုတ်ပြန်

**ရန်ကုန် မေ ၇**

Sasser ဟုအမည်ရှိ Computer Worm တစ်မျိုးသည် မေလဆန်းမှစ၍ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာများပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။ ၎င်းတွင် Sasser A.B.C နှင့် D ဟူ၍ မျိုးကွဲလေးမျိုးရှိသည်။ ကွန်ပျူတာ Virus ကာကွယ်ရေးကုမ္ပဏီများ၏ ခန့်မှန်းချက်အရ ကမ္ဘာတစ်ဝန်းလုံးတွင် ကွန်ပျူတာ တစ်သန်းကျော်ကို ထိခိုက်စေခဲ့ကြောင်းသိရှိရသည်။ ဤ Worm များသည် ကွန်ပျူတာစနစ်ထဲရှိ အချက်အလက်များကိုဖျက်ဆီးခြင်း မရှိသော်လည်း ကွန်ပျူတာလုပ်ငန်းစွမ်းဆောင်မှုကို နှောင့်နှေးစေသည်။

ကွန်ပျူတာ Virus များမှာ e-mail ကိုဖွင့်လိုက်ခြင်းကဲ့သို့သော လူ၏လုပ်ဆောင်ချက်တစ်ခုခုကြောင့် သာပြန့်ပွားနိုင်သော်လည်း Worm များမှာကွန်ပျူတာ Operation System ၏ အားနည်းချက်ကိုရှာဖွေ၍ အလိုအလျောက် ပြန့်ပွားနိုင်သည်။ ၎င်း Sasser Worm ကိုဖယ်ရှားရန်အတွက် McAfee နှင့် Norton Website များမှ ၎င်း Worm ကို ဖယ်ရှားသည့် Software ကို Download ပြုလုပ်ပြီး ဖယ်ရှားနိုင်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**





# အမျိုးသားပညာရည်မြင့်မားရေးအထူး(၄)နှစ်စီမံကိန်းကို နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်လျက်ရှိ ဖွံ့ဖြိုးပြီးအရှေ့တောင်အာရှနိုင်ငံများနှင့် ပညာရေးကဏ္ဍရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ နိုင်ငံတော်တည်ဆောက်ရေး အားထုတ်ကြိုးပမ်းမှုများ၌ စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက်ပူးပေါင်းပါဝင်

ရန်ကုန် မေ ၇

**မန္တလေးတိုင်း မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။** (အပေါ်ပုံ)

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆောင်သစ် အလှူရှင်သီရိသုဓမ္မမဏိဇောတဓရ ဦးဘငွေးဇနီး ဒေါ်ခင်လှကြည်နှင့် မိသားစုများ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်းရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို အဆိုပါ ကျောင်းဆောင်သစ်အဆောက်အအုံ ရှေ့၌ကျင်းပသည်။

## ကျောင်းဆောင်သစ်ဖွင့်

ရှေးဦးစွာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်နှင့် ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်အလှူရှင်သီရိသုဓမ္မမဏိဇောတဓရ ဦးဘငွေးတို့က ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်၏ ဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။



**မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန် ကြီး ချုပ် ဗိုလ် ချုပ် ကြီး ခင်ညွန့်က မိုးကုတ် မြို့နယ် ကျပ်ပြင်အခြေခံ ပညာ အထက် တန်း ကျောင်း အတွက် ကွန် ပျူတာ တစ်လုံး ကို ကျောင်းအုပ် ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)**

ဆက်လက်၍ မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ခြင်းအစီအစဉ်ကိုကျင်းပသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောင်းဆောင်သစ်အလှူရှင် သီရိသုဓမ္မမဏိ ဇောတဓရ ဦးဘငွေးက ငွေကျပ်သိန်း ပေါင်း ၁၀၀၀ ကျော်တန်ဖိုးရှိ ခန်းမ ကြီးတစ်ခန်းနှင့် စာသင်ခန်း ၁၅ ခန်းပါ ရွှေရတနာသုံးထပ် ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းဆောင်သစ်အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးဘငွေးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်ထံလွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်လုံးကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့သည် မိုးမိတ်၊ မဘိမ်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကြည့်ရှုစစ်ဆေးရန် တစ်ချိန်တည်း မိုးကုတ်မြို့နယ် ကျပ်ပြင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို တက်ရောက်အားပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

## ကြည်နူးဝမ်းမြောက်

ကျောင်းဝင်းအတွင်း မဝင်ရောက်မီကပင် ခံ့ညားထည်ဝါလှသည့် သုံးထပ်ကျောင်းဆောင်သစ်ကြီးကို တွေ့မြင်ရ



**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မိုးကုတ်မြို့ လျန်ရှန်းကျောက်မျက်ရတနာတူးဖော်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**



သည့်အတွက် ကြည်နူးဝမ်းမြောက်မှုကို စတင်ခံစားရကြောင်း။

ယနေ့ဖွင့်လှစ်သည့် ရွှေရတနာသုံးထပ် ကျောင်းဆောင်သစ်ကြီးကို အလှူရှင် သီရိသုဓမ္မဇောတိကဓဇ ဦးဘငွေးနှင့် ဇနီး ဒေါ်ခင်လှကြည် မိသားစုတို့က ဤဒေသတွင် မီးတင်းနေထိုင် ကြသည့် လူငယ်လူရွယ်များ၏ ပညာသင်ကြားမှုကို အထောက်အကူဖြစ်စေရန်နှင့် အနာဂတ်ကာလတွင် ဤကျောင်းတော်ကြီးမှ အသိပညာရှင်နှင့် အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်ရည်စူးပြီး အလှူငွေကျပ် သိန်း ၁၀၀၀ ကျော်ကျခံ ထည့်ဝါခဲ့ညားသည့် ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ခြင်းသည် ဤဒေသရှိ လူငယ်လူရွယ်များအတွက် သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေမည့် လှူဒါန်းမှုဟု ပြောကြားလိုကြောင်း၊ ဤကျောင်းတော်ကြီးမှသည် လက်ရှိနိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေကြသည့် ကျောင်းသားဟောင်းကြီးများကို မွေးထုတ်ပေးသည့် အစဉ်အလာကောင်းများကို ဆက်လက် ဖြစ်ထွန်းစေမည် ယုံကြည်ပါကြောင်း။

## ဆက်စပ်အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်လျက် ဖွံ့ဖြိုးပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် ပညာရေးကဏ္ဍတွင် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခုတစ်ဖန် နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားရေးအတွက် အမျိုးသားပညာရည်မြင့်မားရေးအနှစ် (၃၀)နှစ်ရှည် စီမံကိန်းကို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားလျက် ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။



**မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ် ချုပ် ကြီး ခင်ညွန့် မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲတွင် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် နယ်ပယ်ကဏ္ဍစုံ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကဏ္ဍစုံတစ်ရပ်တည်းတွင် တစ်ပြိုင်တည်းတစ်ကြိမ်တည်း ပြီးပြည့်စုံအောင် ပံ့အောဆောင်ရွက်ပေးရန်ခက်ခဲကြောင်း။

ထိုသို့သော အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော် တည်ဆောက်ရေးအားထုတ်ကြိုးပမ်းမှုများတွင် စေတနာရှင်ပြည်သူများကပါ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် ယနေ့ဆိုလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာအဆောက်အအုံများစွာ ပေါ်ထွန်းနေသည်ကို တွေ့ရှိနိုင်မှာဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ယနေ့ဖွင့်လှစ်ပေးလိုက်သည့် ဤကျောင်းတော်သစ်ကြီးမှ နိုင်ငံတော်အတွက် အားထားရမည့် အနာဂတ်၏ ထူးချွန်ထက်မြက်သောကျောင်းသားကျောင်းသူ အသိပညာရှင်၊ အတတ်ပညာရှင်များ ဆက်လက် ပေါ်ထွန်းရေး၊ စေတနာအပြည့်ဖြင့် သင်ကြား လေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်း။

## ကြိုးစားဆည်းပူး

ကျောင်းသူ ကျောင်းသားများအနေဖြင့်လည်း အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရမည့်ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ဆရာ ဆရာမများ၏ လေ့ကျင့်သင်ကြားပေးမှုကို ကြိုးစားဆည်းပူးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် အလှူရှင်များကိုလည်း နိုင်ငံတော်၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab၊ Audio Lab၊ လက်မှုအနုပညာခန်း၊ Printed Mediaခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

မန္တလေးတိုင်း မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ အမှတ်(၂)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသာငွေးတို့က မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab၊ Learning Centre Projected Media Room၊ Computer Aided Instruction Room၊ Computer skills Room၊ Audio Visual Room၊ Printed media Room၊ လက်မှုပညာခန်းနှင့် အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂီတရသနှင့် ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြ တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မိုးကုတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်း ဖွင့်ပွဲအစီအစဉ်ကိုကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးကုတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းသူ မချောသွယ်က ဂါရဝပြုစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မိုးကုတ်မြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေက မာလ်တီမီဒီယာစာသင်ခန်းများဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် ခေတ်မီသင်ထောက်ကူ ပစ္စည်းများ တပ်ဆင်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသာငွေးက မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်ရေး ပါဝင်ပံ့ပိုး ကူညီဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးကုတ်မြို့ အမှတ်(၁)၊ (၂)နှင့်(၃) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကွန်ပျူတာ တစ်လုံးစီကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်
မိ မိ န၊ င်. အ ဖွဲ. သ ည်
ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မန္တလေးတိုင်း မိုးကုတ်မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးရန် လာရောက်သည့် ခရီးစဉ်တွင် ဤအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ပွဲသို့ တက်ရောက်အားပေးခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်ပွဲတွင် ကဏ္ဍအလိုက် ပါဝင်ဆင်နွှဲသော ဆရာဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မြို့မိမြို့ဖများ၏ ဝမ်းမြောက်ဂုဏ်ယူမှုများနှင့် တက်ကြွသည့် အားမာန်များကိုလည်း တွေ့မြင်ခဲ့ရကြောင်း။

နိုင်ငံတော်အစိုးရက အမျိုးသားရေး ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းကို ဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတကာအဆင့်မီပညာရေး ဖြစ်ထွန်းရေးအတွက် အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူရာ၌ ယနေ့ကမ္ဘာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေသည့် Information Technology (IT) နည်းပညာကို တတ်မြောက်ကျွမ်းကျင်ရန် လိုအပ်ကြောင်း။

## ခေတ်မီသင်ထောက်ကူပစ္စည်း

ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် IT နည်းပညာတိုးတက် ပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ခေတ်မီသင်ထောက်ကူပစ္စည်းများ တပ်ဆင်ထားသည့် မာလ်တီမီဒီယာစာသင်ခန်းများကို တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းများတွင် တပ်ဆင်အသုံးပြုနိုင်ရန် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အလားတူပင် အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ခေတ်မီသင်ထောက်ကူ အီလက်ထရွန်နစ် ပစ္စည်းများကို တပ်ဆင်အသုံးပြု သင်ကြားပေးလျက်ရှိကြောင်း။

## ယုံကြည်မှုဖြင့်

ယနေ့ဖွင့်လှစ်ပွဲတွင် ပါဝင်အစွမ်းပြသကြမည့် ကျောင်းသူကျောင်းသားများ၏ ဉာဏ်ရည်ဉာဏ်သွေးတင်ပြမှု၊ တက်ကြွမှုများကိုလည်း တွေ့မြင်ရသဖြင့် အနာဂတ်တွင် ဤကျောင်းတော်ကြီးမှ နိုင်ငံတော်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာ ပေါ်ထွက်လာမည်ဟု ယုံကြည်မှုဖြစ်ရကြောင်း။

ဆရာဆရာမများကလည်း မိမိတို့တပည့် ကျောင်းသူကျောင်းသားများအား စနစ်တကျ သင်ကြားလေ့ကျင့်ပေးပြီး ကျောင်းသူကျောင်းသားများကလည်း နိုင်ငံတော်အတွက် အနာဂတ်တွင် သားကောင်းရတနာများဖြစ်အောင် ကြိုးစားလေ့ကျင့်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

## မိုးကုတ်ပြည်သူ့ဆေးရုံ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာ တင့်တင့်ကြည်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံပရဝဏ်အတွင်းလှည့်လည်၍ အဆောက်အအုံဟောင်းများ၏ အကွက်ချပုံစံနှင့် အဆောက်အအုံသစ် တိုးချဲ့နိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဆေးရုံအုပ် ဒေါက်တာ တင့်တင့်ကြည်တို့က ဆေးရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ လက်ရှိ အဆောက်အအုံများ၏ အကွက်ချပုံစံ၊ တိုးချဲ့အဆောက်အအုံသစ် တည်ဆောက်နိုင်မည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မိုးကုတ် ပြည်သူ့ဆေးရုံကို ခုတင် (၁၀၀) ဆံ့ တိုးမြှင့်နိုင်ရန် အဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ရွှေပြည်အေး ကျောက်မျက်တူးဖော်ရေးစခန်းသို့ ရောက်ရှိကြသည်။

## စနစ်တကျစစ်ဆေးကြပ်မတ်

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိုးကုတ်ကျောက်မျက်ရတနာမြေ၏ နောက်ခံသမိုင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းကျောက်မျက်တူးဖော်ရေးဌာန လုပ်ကွက်များမှ ကျောက်မျက်ထွက်ရှိမှု၊ ကျောက်မျက်ရတနာဖက်စပ် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းလုပ်ကိုင်နေမှု၊ အဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများ၏ လုပ်ကွက်များအခြေအနေ၊ ကျောက်မျက်လုပ်ငန်းမှ အခွန်ရရှိမှု၊ မိုးကုတ်ရတနာမြေမှ ထူးခြားထွက်ရှိခဲ့သော ကျောက်မျက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောက်မျက် တူးဖော်မှုလုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှု မရှိအောင် ထိန်းသိမ်းကာကွယ်ရေးနှင့် ကျောက်မျက်ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရေး စနစ်တကျစစ်ဆေး ကြပ်မတ်သွားရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည်ဖြိုးဆေးလုပ်ငန်းကိုလည်းကောင်း၊ ကျောက်မျက်လုပ်ကွက်များမှ ထွက်ရှိသော ကျောက်မျက်များကိုလည်းကောင်း၊ ကျောက်မျက်ရွေးချယ်ခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယူရေးနပ်စ်ကုမ္ပဏီလီမိတက်၏ ကျောက်မျက်လုပ်ကွက်သို့ ရောက်ရှိကြရာ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျောက်မျက်တူးဖော်မှု လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် လျန်ရှန်းကျောက်မျက်ကုမ္ပဏီ၏ ကျောက်မျက်လုပ်ကွက်သို့ ရောက်ရှိကြရာ တာဝန်ခံ ဦးရန်မိုးလျန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျောက်မျက်ရတနာတူးဖော်မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ မေ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

# တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့

## အစည်းအဝေးကြီးကို ဂုဏ်ပြုကြိုဆို

**"မြန်မာကဗျာ၊ ဆိုသည်မှာလျှင်**
**သံသာချိုမြ၊ တေးနှယ်လှလျက်**
**ရသပြည့်စုံ၊ နိမိတ်ပုံနှင့်**
**ဂုဏ်လည်းပေါ်လွင်၊ ဒေါသစင်သည့်**
**အလင်္ကာပန်း၊ ဝတ်ရည်ဖျန်းမှ**
**ကြမ်းနုချစ်မုန်း၊ လူ့နှလုံးကို**
**ယူကျုံးဆွဲငင်၊ အလှဆင်လိမ့်"။ ။**

(မြင်းမူမောင်နိုင်မိုး)

စာပေ၊ ရတု၊ ကဗျာ၊ သီချင်း၊ ကာတွန်း၊ ရုပ်ရှင်၊ ပြဇာတ်၊ ကွက်စိပ်၊ ပုံပြင်တို့သည် လူသားတို့၏နှလုံးသားကို ကြမ်းနုချစ်မုန်း ယူကျုံးဆွဲငင်နိုင်သော၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ဂုဏ်ဒြပ်နှင့်ပြည့်စုံသော အနုပညာ ဝတ္ထုပစ္စည်းတို့ဖြစ်သည်။ မည်သည့်ခံစားဆွဲဆောင်နိုင်သော အနုပညာပင်ဖြစ်စေ၊ အကြောင်းအရာ သုတ ရသတို့ပင်ဖြစ်စေ စာပေဖြင့်မှတ်တမ်းတင် မော်ကွန်းထိုးရသည်သာဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးတွင် စာပေသည် အရေးပါ အရာရောက်ဆုံးဖြစ်သည်။

၂၀၀၄ခုနှစ် မေလ ဒုတိယပတ်တွင် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၃-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့်ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ယနေ့အချိန်အခါသည် မြန်မာစာပေကို အင်တာနက်ထဲမှ ကမ္ဘာကို ဖြန့်ကြက်နေသော အချိန်ဖြစ်သဖြင့် စာပေရေးသားသူများ၊ ထုတ်ဝေသူများ၊ ဖြန့်ဖြူးသူများ၊ စီမံခန့်ခွဲသူများသည် အလွန့်အလွန် အရေးပါ အရာရောက်သော အခန်းကဏ္ဍတွင် ရောက်ရှိနေသည်။

၂၀၀၂ ခုနှစ် ဇွန်လ ၃၀ ရက် ညနေတွင် ကရဝိက်နန်းတော်၌ နိုင်ငံတော်က စာပေညီလာခံ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောက်ပါအတိုင်း အမှာစကား ပြောကြားခဲ့သည်-

**"ယခုကဲ့သို့ လေးနှစ်တွင်တစ်ကြိမ်ကျင်းပသည့် စာပေညီလာခံကြီးမှာ စာပေပညာရှင်များကို စုစည်းခိုင်မာသော အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် ညီညီညွတ်ညွတ် စုစည်း စည်းဝေးဆွေးနွေး နှီးနှောဖလှယ်နိုင်ခြင်းမှာ မြန်မာ စာပေအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ စာပေအသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် အခြေခံကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်ပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။**

**"ထို့ကြောင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် အမျိုးသားစာပေ အင်အားစုကြီးတစ်ခုလုံး စုစည်းညီညွတ်စွာနှင့် တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် အစဉ်အမြဲ နိုးကြားတက်ကြွနေစေရန် စာပေစွမ်းပကားနှင့် စည်းရုံးလှုံ့ဆော် အားပေးမြှင့်တင်ရင်း စာပေဆိုင်ရာရည်မှန်းချက်များ၊ အမျိုးသားရေးဆိုင်ရာ မျှော်မှန်းချက်များ အပြည့်အဝအောင်မြင်ပေါက် မြောက်အောင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါဟု အလေးအနက် တိုက်တွန်း မှာကြားလိုကြောင်း"** ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်မှာချက်အရ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အမျိုးသားရေး နိုးကြားမှုနှင့် အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းမှုသည် နိုင်ငံတော်အတွက် အမြင့်မားဆုံး လိုအပ်ချက်တွင် မြန်မာစာပေသည် အဓိကပါဝင်နေသဖြင့် ယခုကျင်းပတော့မည့် စာပေဗဟိုဦးစီးညီလာခံကြီးကို လေးနက်သော အမျိုးသားရေးစရိုက်လက္ခဏာဖြင့် ကျင်းပရမည်ဖြစ်ကြောင်း ဖော်ပြနေသည်။ ဤမျှ သမိုင်းတန်ဖိုးကြီးမားသော မြန်မာစာပေကို စာရေးသူသည် တစေ့တစောင်း နောက်ကြောင်းလှန်ခဲ့မိသည်။

မြန်မာစာပေသမိုင်းစဉ်ကို ပြန်ကြည့်လျှင် ပုဂံခေတ်ဟောင်းမှစ၍ အင်းဝခေတ်လောက်အထိ စာပေ၏အခြေမှာ အညွန့်အခက် ဝေဝေဆာဆာနှင့် ကောင်းစွာဖွံ့ဖြိုးလာသည်ကို တွေ့ရ၏။ အင်းဝခေတ်မှ နောက်ကုန်းဘောင်ခေတ် တစ်လျှောက်တွင်မူကား ထိုစာပေ အညွန့်အခက်တို့မှ တစ်ဆင့်တက်၍ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု၊ အဲ၊ အန်၊ လူးတားစသော စာပေ၏ အဖူးအပွင့်တို့သည် ငွားငွားစွင့်စွင့် ဖူးပွင့်၍ လာကြသည်ကို တွေ့ရလေသည်။

အင်းဝခေတ်အလွန် ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် စာပေ၏ အဖူးအပွင့်တည်းဟူသော ကဗျာ၊ လင်္ကာနှင့် စပ်လျဉ်း၍ အဲ၊ အန်၊ ရတု၊ လူးတား၊ မော်ကွန်း၊ ပျို့၊ သံပိုင်း၊ သမိုင်း၊ ရဲတင်း၊ အိုင်ချင်း၊ ဧချင်း၊ သံပေါက်၊ တမ်းချင်း၊ သာချင်း၊ ကာချင်းစသော သီချင်းသက်ဝင်ရာ ကဗျာ ၂၂မျိုးအနက် စာပေဝေါဟာရကြွယ်ဝလာသည်နှင့်အမျှ ဝါစာဘောဂဖြစ်လာပြီးလျှင် စာပေအဖူးအပွင့်တို့မှတစ်ဆင့်တက်၍ တေးထပ်၊ တေးရိုး၊ တေးဘွဲ့၊ ၈၀ပေါ်တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ လေးဆစ်၊ ခွန်းထောက်၊ လေးဆစ်ဘောလယ်၊ လေးဆစ်ပုလဲ၊ လေးဆက်ဘောလယ်၊ ငိုချင်း၊ ဒုံးချင်း၊ နတ်သံ၊ နတ်ချင်း၊ နတ်စကား၊ လှေချင်း၊ ဟန်ချင်း၊ လှေတော်ဂုဏ်ချင်း၊ ညည်းချင်း၊ ဟောစာ၊ မေတ္တာစာ၊ မှာတမ်း၊ ဆုတောင်းစာ၊ ခေါင်းလောင်းစာ စသော သီချင်းကဗျာများ ပေါ်ပေါက်လာခဲ့လေသည်။ မြန်မာမျိုးနွယ်စုတို့သည် ရေခံ၊ မြေခံ၊ ကုသိုလ်ကံကောင်းကြသူများ ဖြစ်ကြသည်။ မြန်မာစာပေသည် အစကောင်း၍ အနှောင်းသေချာခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ၂၀၀၂ခုနှစ် ဇွန် ၂၈ရက်မှ ၂၉ရက်နေ့အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့ရာ ညီလာခံက ဆုံးဖြတ်ခြင်းငါးရပ်၊ အတည်ပြုခြင်းသုံးရပ်နှင့် မှတ်တမ်းတင်ခြင်းခြောက်ရပ် ချမှတ်ခဲ့သည်။

ဆုံးဖြတ်ခြင်းငါးရပ်မှ သုံးရပ်ကို တင်ပြလိုပါသည်-

**ဆုံးဖြတ်ခြင်းအမှတ် (၁)** မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ရက် ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မြွက်ကြားသော အဖွင့်မိန့်ခွန်းပါ မှာကြားချက်များကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားကြရန် ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် (၂)** မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ပထမနေ့ ၂၈-၆-၂၀၀၂ ရက်တွင် တင်သွင်းသည့် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာတွင်ပါရှိသော အောက်ပါ ရှေ့လုပ်ငန်းစဉ် ကိုးရပ်ကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်အကောင်အထည်ဖော်ရန် ဆုံးဖြတ်သည်။

၁။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် တည်ဆောက်ရေးတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက မိမိတို့အတတ်ပညာဖြင့် ကျရာကဏ္ဍမှ နိုင်ငံ့အကျိုးကို တစ်တပ်တစ်အား နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊

၃။ အဖွဲ့ဝင်များ တိုးချဲ့စည်းရုံးရေး၊ ဖွဲ့စည်းမှု ကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှု မြင့်မားရေးနှင့် စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေးတို့အတွက် ဆောင်ရွက်ရေး၊

**မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)**

၄။ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ အတတ်ပညာဖွံ့ဖြိုးရေး၊ သက်သာချောင်ချိရေး၊ စာပေဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားအောင် ဆောင်ရွက်ရေး၊

၅။ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စာပေနှင့်စာနယ်ဇင်းသမားများသည် အဖွဲ့၏ဦးဆောင်မှုဖြင့် တက်ကြွစွာ ပါဝင်ရိုင်းပင်းဆောင်ရွက်ရေး၊

၆။ စာပေနှင့်စာနယ်ဇင်းသမားများ၏ အတတ်ပညာ၊ နည်းပညာနှင့်သုတ၊ ရသ ရေးသားမှု အရည်အချင်း မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်များ ပေါ်ထွန်းလာရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

၇။ နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရှင်သန်ထွန်းကားပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသားရေး၊

၈။ အမျိုးသားအမွေ၊ ဂန္ထဝင်နှင့် ခေတ်ပြိုင်မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်တွင်းပြည်ပ ကျယ်ပြန့်စွာ လေ့လာဖတ်ရှု၍ သိရှိနိုင်ရေး၊

၉။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသအထိ စာပေ၏ အကျိုးပြုမှုကို ရရှိခံစားနိုင်ရေး။

**ဆုံးဖြတ်ခြင်းအမှတ် (၃)** မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးက ချမှတ်ခဲ့သော အောက်ဖော်ပြပါ ဦးတည်ချက်ခြောက်ရပ်ကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မူဝါဒဆိုင်ရာ ဦးတည်ချက်များအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်-

၁။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဦးဆောင်မှုဖြင့် စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စာပေလောကသားအားလုံး တညီတညွတ်တည်း တက်ကြွစွာ ပါဝင်လှုပ်ရှားလုပ်ဆောင်ကြရေး၊

၂။ စာပေနှင့်စာနယ်ဇင်းလုပ်ငန်းအတတ်ပညာ၊နည်းပညာနှင့်အရည်အချင်း တိုးတက်မြင့်မားရေးကို အချိတ်အဆက်မိမိ ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းလုပ်ဆောင်ကြရေး၊

၃။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင်တည်ဆောက်နေချိန်တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ စည်းရုံးလှုံ့ဆော်ပါဝင်လုပ်ဆောင်ကြရေး၊

၄။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းဝပ်ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စဉ်ဆက်မပြတ် လှုံ့ဆော်ရေးသား အားပေးမြှင့်တင်လုပ်ဆောင်ကြရေး၊

၅။ အမျိုးသားအမွေဖြစ်သော မြန်မာစာပေကို ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာမှ ပြည်သူများ ကျယ်ပြန့်စွာ လေ့လာဖတ်ရှုသိရှိနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ရေး၊

၆။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို စာပေဖြင့် အကျိုးပြုရင်း စာဖတ်သူတိုင်း စာပေ၏အကျိုးပြုမှုကို ရရှိခံစားနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ကြရေး တို့ ဖြစ်ပါသည်။

မြန်မာစာပေသည် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်သည်။ စာဖတ်သူများအတွက် အတွေးအခေါ်၊ အယူအဆ၊ အပြောအဆိုများကို အကျိုးဖြစ်စေနိုင်သည်။ စာပေတာဝန် ယူကြမည့် မျိုးဆက်သစ်များ ပွားများထွန်းကားလာစေရန် ပြည်တွင်းသာမက ပြည်ပအထိပါ ထိုးဖောက်ကြိုးပမ်းကြရမည် ဖြစ်ပါသည်။

မြန်မာစာပေသည် မြန်မာလူမျိုးတို့၏ အမျိုးသားအမွေအနှစ်တစ်ရပ်ဖြစ်၍ သမိုင်းတန်ဖိုးလည်း ကြီးမားလှသည်။ ကိုယ်ပိုင်အမျိုးသားစာပေ ဖြစ်ထွန်းနေခြင်းသည် ဂုဏ်ယူဝင့်ကြွားစရာ အလွန်ကောင်းလှသည်။

တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် **"မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် မြို့နယ်ပေါင်း ၁၇၇မြို့နယ်၌ အဖွဲ့ဝင်အင်အား ၆၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် အသင်းကြီးဖြစ်သည့်အတွက် ကျယ်ပြန့်သော အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့ကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူ ၅၃ သန်းကျော် အပေါ်တွင်လည်း စာပေဖြင့် ထိတွေ့ဆက်သွယ်သော အဖွဲ့ကြီးဖြစ်သည့်အတွက် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဆင့်အတန်းမြင့်မြင့်မားမား ခမ်းနားထည်ဝါ သိုက်မြိုက်စွာ ကျင်းပရန်လိုကြောင်း"** ပြောကြားခဲ့သည်။

တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည် ဖြစ်သည်။ ထိုအစည်းအဝေးတွင် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဆင့်အတန်းမြင့်မြင့် ကျင်းပရန် လိုအပ်သည်။ တင်သွင်းဆွေးနွေးမည့် စာတမ်းများ အရည်အသွေးမြင့်မားအောင် အထူးပြုစုကြရန် လိုအပ်ကြောင်း ဝန်ကြီးက အလေးအနက် မိန့်မှာသည်။

ဝန်ကြီးမှာကြားသည့်အတိုင်းပင် မြန်မာစာပေကလည်း ကမ္ဘာချဉ်းခဲ့ပါပြီ။ ယနေ့စာပေကိုင်တွယ် စီစစ်ဆောင်ရွက်သူများသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့်အဆင့်၊ ကမ္ဘာ့အဆင့်မီ ဆောင်ရွက်နိုင်သည့်အဆင့် ဖြစ်ပေါ်ခဲ့ပြီဖြစ်သည်။

Forever Group က နေ့စဉ်ထုတ်သတင်းစာ နှစ်စောင်၊ ကြေးမုံနှင့် မြန်မာ့အလင်းကို ၂၀၀၃ ခုနှစ် မတ်လ ၂၄ ရက်ကစပြီး အင်တာနက်ပေါ် နေ့ချင်းတင်ထားခဲ့သည်။ မြန်မာသတင်းစာနှစ်စောင်ကို အင်တာနက်ပေါ် နံနက် ၇နာရီအရောက် တင်ပို့နိုင်ခဲ့ပြီး မြန်မာစာအုပ်များကိုလည်း အီးဘွတ်ခ် အဖြစ် အင်တာနက်ပေါ် တင်ပို့ခဲ့သည်။

၂၀၀၃ ခုနှစ်ဧပြီ ၁ ရက် မှာ Workshop on Myanmar e-book တွင် MICT Park မှာကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲကို စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ပန်းချီဒီဇိုင်းဆရာ၊ ရှေ့နေအားလုံး စုစုပေါင်း ၃၅ ဦးကို ဖိတ်ကြားခဲ့သည်။ လေ့လာသူအဖြစ် တက်ရောက်လိုသူများကိုလည်း ဖိတ်ကြားခဲ့သည်။

စာအုပ်များကို ရွေးချယ်စီစဉ်တည်းဖြတ်ပေးမည့် အယ်ဒီတာအဖွဲ့ (Editorial) အပိုင်း၊ ပုံနှိပ်စာအုပ်များမှ အီလက်ထရွန်နစ် စာအုပ်အဖြစ် ပြောင်းလဲပေးပြီး အင်တာနက်ပေါ်ကိုတင်ပေးမည့်အဖွဲ့ Technical အပိုင်း၊ အီးဘွတ်ခ်စီမံကိန်းအတွက် လိုအပ်သည့် ငွေကြေးဆိုင်ရာ ကိစ္စတွေကို စီစဉ်ဆောင်ရွက်ပေးမည့် Business အပိုင်း၊ မြန်မာ့အီးဘွတ်ခ်ခေတ်များကို တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်ဖို့ ဈေးကွက်သစ်များကို ရှာပေးမည့် Marketing အဖွဲ့ဟူ၍ လေးဖွဲ့ခွဲ၍ ဆောင်ရွက်နေသည်။

စာပေသည် သတင်းအချက် မီဒီယာအဖြစ်၊ ဘဝ ရသ ဖန်တီးမှုအဖြစ်၊ စီးပွားလူမှုတိုးတက်ရေး အထောက်အကူပြု ယန္တရားအဖြစ် ဘက်ပေါင်းစုံတွင် အသုံးဝင်နေသည်ဖြစ်ရာ ဤနည်းလမ်းနှင့်နည်းပညာကို ထိန်းသိမ်းလျက် ဖွံ့ဖြိုးစေရင်း နိုင်ငံသားအားလုံးတို့အတွက် အလင်းဆောင်၍ ပညာခေတ် ထူထောင်ကြရန်ဖြစ်ပေသည်။

တတိယအကြိမ် ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးကလည်း မိမိတို့လုပ်ငန်းကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားကြပြီးဖြစ်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ကူညီပံ့ပိုးမှုများပေးလျက်ရှိသည်။ ယခင်ညီလာခံက ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် အားနည်းချက် အားသာချက်များကို မှန်ကန်စွာ ဝေဖန်သုံးသပ်စိစစ်ကြပြီးလျှင် စာပေ၊ စာပေလောကသားများ၊ နိုင်ငံနှင့် လူမျိုးအတွက်ပါ အကျိုးရှိစေမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်သည်။ ပုံနှိပ်လောက အဆင့်မြှင့်တင်ရေး၊ မြန်မာစာပေ အဆင့်မြှင့်တင်ရေးနှင့် စာပေလောက အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုပါ ပါဝင်ရေးဆွဲချမှတ်ကြရန် ဖြစ်သည်။ တင်သွင်းဆွေးနွေးမည့် စာတမ်းများကိုလည်း အရည်အသွေးမြင့်မားသည့် စာတမ်းများဖြစ်အောင် ပြုစုတင်သွင်းကြရန်နှင့် လုပ်ငန်းကော်မတီအလိုက် လိုအပ်ချက်များကိုလည်း ပွင့်လင်းစွာဆွေးနွေးကြရန် ဖြစ်သည်။

ယနေ့ မြန်မာစာအုပ်များ၊ မဂ္ဂဇင်းများ၊ သတင်းစာ၊ ဂျာနယ်များကို ဂျပန်၊ စင်ကာပူ၊ မလေးရှား၊ အမေရိကန်၊ ဩစတြေးလျ၊ ကနေဒါ၊ အင်္ဂလန် အစရှိသည့် နိုင်ငံများတွင် ဝယ်ယူဖတ်ရှု၍ ရရှိနေသည်။

ယခင်က စာရေးသူသည် သားငယ်ထံသို့ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ မြန်မာ့နေမဂ္ဂဇင်း၊ ဂျာနယ်များ၊ သတင်းစာများ လစဉ်ပို့ပေးနေရသည်။ သတင်းစာမှာလည်း နေ့စဉ်ဖတ်နိုင်လျှင် စွယ်စုံကျမ်း ၃၆ တွဲလောက် တန်ဖိုးရှိသည်။ ယခုတော့ ဂျပန်ကို စာအုပ်ပို့ရသည့်ဒုက္ခက အေးသွားပြီ။

အီးဘွတ်ခ်ဆိုသည်မှာ ပုံနှိပ်စာအုပ်ပုံစံအတိုင်း ဒီဂျစ်တယ်စနစ်ဖြင့် ကွန်ပျူတာ၏ဖန်သားပြင်ပေါ်တွင် ဖတ်ရှုနိုင်သော စာအုပ်ဖြစ်သည်။

အီးဘွတ်ခ်များကို လက်ဖဝါးအရွယ်သာသာရှိသည့် လက်ကိုင်ကွန်ပျူတာလေးများပေါ်မှာပါ ဖတ်၍ရနေပါပြီ။ Lap Top Computer အဆင့် မဟုတ်တော့ပါ။ Palm အထိ ဖတ်၍ရနေပါသည်။ Palm ဟု ခေါ်ကြသည့် လက်ဖဝါးအရွယ် ကွန်ပျူတာလေးများမှာ ဈေးလည်း သက်သာပါသည်။ တစ်လုံးကိုမှ အမေရိကန်ဒေါ်လာ ၂၀၀ ကျော်လောက်သာ ရှိသည်။

မြန်မာတို့သည် အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေးဦးတည်ချက်များ အောင်မြင်အောင် စာပေစွမ်းပကားဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသားရေးနှင့် ကြုံကြိုက်လာလျှင် ခေါင်းငုံ့မခံသည့် စာပေအစဉ်အလာကောင်းများ အားထုတ်ရေးသားပြုစုနိုင်ခဲ့ကြသည်။ အဖျက်အမှောင့်လုပ်ငန်းများကို ချေဖျက် တွန်းလှန်နိုင်သည့် စာပေကိုယ်ခံစွမ်းအား ပြည့်ပြည့်ဝဝ ထက်ထက်မြက်မြက် ရှိနေပါပြီ။ အမျိုးဂုဏ်ကို ထိပါးရေးသားသော ပြည်ပစာပေများကို အီးဘွတ်ခ်မှ တစ်ဆင့် အင်တာနက်ပေါ်မှ တုံ့ပြန်စာပေများ အောင်မြင်စွာ ချေပရေးသား နိုင်ခဲ့ကြပြီ ဖြစ်သည်။

စာပေသည် စွမ်းအားကြီးမားပြီး ခေတ်အဆက်ဆက်အမျိုးသားရေး လှုပ်ရှားမှုများတွင် ရှေ့တန်းကပါဝင်ခဲ့ သည်ချည်းဖြစ်သည်။ မြန်မာတို့သည် ခေတ်အဆက်ဆက် ဓားသွားထက်သကဲ့သို့ ကလောင်သွားလည်း ထက်ခဲ့သည်။

သို့ဖြစ်၍ မကြာမီ ကျင်းပတော့မည့် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကြီးကို လေးလေးနက်နက် ဂုဏ်ပြု ကြိုဆိုရေးသားလိုက်ရပါသည်။ ။

# မြန်မာလူငယ်များနိုင်ငံတကာတွင်မြန်မာ့အစွမ်းပြနိုင်ရေးနိုင်ငံတော်ကမွေးထုတ်ပေးနေ ရေကြောင်းပို့ဆောင်ရေးကဏ္ဍဘက်စုံကဏ္ဍစုံအရှိန်အဟုန်ဖြင့်တိုးတက်ရေးဆောင်ရွက်လျက်ရှိ အပျက်အမှောင့်များမြန်မာ့ပင်လယ်ကူးသင်္ဘောသားများအတွင်းထိုးဖောက်သွေးဆောင်နေသည်ကိုတွေ့ရ နိုင်ငံတော်သစ္စာစောင့်သိ၊ နိုင်ငံနှင့်လူမျိုးသူတစ်ပါးကြဇာခံမဖြစ်ရေးမြန်မာတို့၏သူရဲကောင်းစိတ်ဓာတ်မွေးကြ

ရန်ကုန် မေ ၇

**ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအပတ်စဉ်(စီဒီ-၃၁) သင်တန်းဆင်းပွဲနှင့် အပတ်စဉ်(၃၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ရနာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ ရေကြောင်းပညာသိပ္ပံခန်းမဌကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအပတ်စဉ် (စီဒီ-၃၁)သင်တန်းဆင်းပွဲနှင့် အပတ်စဉ် (စီဒီ-၃၂) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

အရာရှိလောင်းသင်တန်းများကနေ အရည်အသွေးပြည့်ဝသော မြန်မာလူငယ်များကို အစဉ်တစိုက်မွေးထုတ်ပေးနေခြင်းသည် မြန်မာလူငယ်များ နိုင်ငံတကာသို့ တက်လှမ်းပြီး မြန်မာ့အစွမ်းပြနိုင်ရေးအတွက် နိုင်ငံတော်က စီမံဖန်တီးပေးနေခြင်းဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ကျေးဇူးတရားကို မေ့ပျောက်မပစ်ဖို့ ပထမဆုံးမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်၌ အမျိုးသားရေးသိက္ခာမြင့်မားထည်ဝါစွာဖြင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်စနစ်တကျ စီမံပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အရေးပါသည့် အခန်းကဏ္ဍတွင်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတကာ၌ သိပ္ပံနှင့်နည်းပညာရပ်များ၊ ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲပြီး ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးစနစ်များ ဆန်းသစ်ပြောင်းလဲ တိုးတက်နေသော်ငြားလည်း ကုန်သွယ်ရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးတို့တွင် ရေကြောင်းပို့ဆောင်ရေးကိုသာ အားထားဆောင်ရွက်နေရဆဲဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

နှင့် ရေကြောင်းအင်ဂျင်နီယာများ လေ့ကျင့်မွေးထုတ်ပြီး နိုင်ငံတကာတွင် ဝင်ဆံ့အောင်၊နိုင်ငံခြားဝင်ငွေတိုးတက်ရရှိအောင်ကြိုးစားလုပ်ဆောင်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘက်စုံကဏ္ဍစုံက အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် မျှော်မှန်းပြီး မိမိနိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကုန်သွယ်ရေကြောင်းပညာအပါအဝင် ရေကြောင်းသိပ္ပံဆိုင်ရာပညာရပ်များ ခေတ်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရေကြောင်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးပြည့်မီစွာ ပြုစုပျိုးထောင် မွေးထုတ်နိုင်စေရန်နှင့် ပင်လယ်ရေကြောင်းသွား ရေယာဉ်လျက်ရှိသည့်အပြင် ဤရေကြောင်းသိပ္ပံကို ရေကြောင်းပညာကောလိပ်အဖြစ် အဆင့်တိုးမြှင့်ပေးရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ရေကြောင်းသိပ္ပံ အနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့အစည်း(IMO)၏ ကွန်ဗင်းရှင်းများ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီသော ခေတ်မီသင်ရိုးညွှန်းတမ်းများနှင့်အညီ IMO အသိအမှတ်ပြုသင်တန်းများကို တိုးချဲ့သင်ကြားပို့ချပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ကုန်သွယ်ရေကြောင်းပညာရှင်များ၊ ရေကြောင်းအင်ဂျင်နီယာများ၊ ရေယာဉ်နှင့် သင်္ဘောတည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာများနှင့် ဗိသုကာပညာရှင်များ၊ ခေတ်မီပင်လယ်ဆိပ်ကမ်းတည်ဆောက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင်များစသည့် ရေကြောင်းဆိုင်ရာ အရည်အသွေးမြင့်



## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ဌာနမှူးများ၊ သင်တန်းနည်းပြများ၊ အထူးဖိတ်ကြားထားသူများ၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ၏ စွမ်းအားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော် ဖြစ်ထွန်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေအချိန်အခါမျိုးတွင် ယခုကဲ့သို့ ရေကြောင်းပညာရပ် နယ်ပယ်ကဏ္ဍကနေ နိုင်ငံတကာအဆင့်မီ တတ်သိကျွမ်းကျင်သည့် နိုင်ငံ့သားကောင်းများ နှစ်စဉ် ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိခြင်းသည် အမိနိုင်ငံတော်ကြီး၏ အကျိုးစီးပွား ဖော်ဆောင်မြှင့်တင်ပေးရေးအတွက် အထောက်အကူများစွာဖြစ်စေမည့် အခြေခံကောင်းတစ်ရပ်ဖြစ်ထွန်းနေခြင်းပင်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

## မြန်မာ့အစွမ်း

ယနေ့ နိုင်ငံတကာတွင် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တွင်ကျယ်ခေတ်စားနေသည့် ကုန်သွယ်ရေကြောင်း ကဏ္ဍတွင် မြန်မာရေကြောင်းအရာရှိများအတွက် ထိုက်တန်သော အခန်းကဏ္ဍတစ်ရပ် ရရှိဖြစ်တည်နေရအောင် စွမ်းဆောင်ပေးသည့် ဤကုန်သွယ်ရေကြောင်းကြီး ဘက်စုံကဏ္ဍစုံတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤအမျိုးသားရေးရည်မှန်းချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်ထက်မြက်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၌ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင်လည်း နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

## အရေးပါသည့်အခန်းကဏ္ဍ

နိုင်ငံတော်အစိုးရအနေဖြင့် အထူးသဖြင့် အမျိုးသား စီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်ရေး၊ စီးပွားကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုနိုင်မည့် နယ်ပယ်ကဏ္ဍအသီးသီးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ရွက်နေရဆဲဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

## တစ်ခေတ်ပြန်လည်ဆန်းသစ်

ထို့အပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ်ဖြစ်ထွန်းလာမှုနှင့်အတူ ပိုမိုကြီးမားသော ကမ္ဘာလှည့်ခရီးသွားသင်္ဘောကြီးများ၊ ဖိမ်ခံသင်္ဘောကြီးများသည် ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် တစ်ခေတ်ပြည်လည်ဆန်းသစ်လာနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတကာတွင် မရှိမဖြစ်သော ဝန်ဆောင်မှုလုပ်ငန်းဖြစ်သကဲ့သို့ ခိုင်မာသော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တွင်ကျယ်ခေတ်စားဆဲဖြစ်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး အထူးသဖြင့်အရှေ့တိုင်းနိုင်ငံများသည် မိမိတို့နိုင်ငံအတွင်း ရေကြောင်းသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း အရည်အသွေးပြည့်ဝသော ကျွမ်းကျင်သင်္ဘောဝန်ထမ်းများ၊ ရေကြောင်းအရာရှိများကြီးများ တည်ဆောက်သွားနိုင်စေရန် စီမံဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

## တိုးပွားဖြစ်ထွန်း

ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်အတွင်း အပြည်ပြည်ဆိုင်ရာသင်္ဘောဆိပ်ကမ်းများ၊ နိုင်ငံတကာအဆင့်မီ ဆိပ်ခံတံတားကြီးများ၊ ခေတ်မီကုန်သေတ္တာစခန်းများ၊ နိုင်ငံတကာအဆင့်မီ သင်္ဘောကျင်းများ စသည့် ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးပွားဖြစ်ထွန်းနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ရေကြောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ယခု ရေကြောင်းသိပ္ပံကို အရည်အသွေးမြင့်မားသော နိုင်ငံတကာအဆင့်မီ သိပ္ပံတစ်ရပ်ဖြစ်လာစေရန် ခေတ်မီခံ့ညားထည်ဝါသော အဆောက်အအုံများ၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ၊ လေ့ကျင့်ရေးဆိုင်ရာ ခေတ်မီအထောက်အကူပြုပစ္စည်းကိရိယာများ ဖြည့်ဆည်းပေး လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးလည်း ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

## ကျေပွန်စွာကြိုးစားထမ်းဆောင်

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရေကြောင်းဆိုင်ရာ ပညာရပ်များ တိုးတက်ဖြစ်ထွန်းရေးနှင့် ရေကြောင်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းရေးတို့အတွက် စနစ်တကျ စီမံအားပေးဆောင်ရွက်ပြီး တိုးတက်အောင်မြင်မှု အကျိုးရလဒ်ကောင်းများ အကောင်အထည်ပေါ် ဖြစ်ထွန်းနေသည့် ယခုကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် ရေကြောင်းပညာသိပ္ပံက ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သည့် ကုန်သွယ်ရေကြောင်းအရာရှိများကလည်း နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ အမျိုးသားရေးဂုဏ်သိက္ခာကို ဖော်ဆောင် မြှင့်တင်ပေးနိုင်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရအောင်

*စာမျက်နှာ ၁၂ ကော်လံ ၁*

8-5 (11).p65 1 03/24/1905, 10:45 PM

*စာမျက်နှာ ၁၁ မှ*

မိမိတို့၏တာဝန်များကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ဖြင့် ကျေပွန်စွာ ကြိုးစားထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

အပြည်ပြည်ဆိုင်ရာရေကြောင်း ပို့ဆောင်ရေးလောကတွင် ကောင်းမြတ်သော ဂုဏ်သတင်း ပျံ့နှံ့ကျော်ကြားပြီးဖြစ်သည့် မြန်မာသင်္ဘောသားများနှင့် သင်္ဘောအရာရှိများ၏ စည်းကမ်းလိုက်နာတတ်မှု၊ လုပ်ငန်းတာဝန် လိုလားစွာ ကျေကျေပွန်ပွန်ထမ်းဆောင်တတ်မှု၊ လုပ်ငန်းပိုင်နိုင်ကျွမ်းကျင်မှု၊ နည်းစနစ်တိကျမှန်ကန်မှု ဂုဏ်ဒြပ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း မြန်မာ့ဂုဏ်ကို ဆောင်နိုင်ရန် ကြိုးစားအားထုတ်သွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

ယခုအချိန်အခါတွင် ပြည်ပနိုင်ငံများ၌ တိုင်းတစ်ပါးအထောက်အပံ့ဖြင့် ခိုကပ်နေထိုင်ရင်း မြန်မာနိုင်ငံ မြန်မာလူမျိုးများ၏ ဂုဏ်သိက္ခာ နိုင်ငံ့တကာအလယ်၌ ညှိုးနွမ်းကျဆင်းအောင်၊ နိုင်ငံတော်၏ အကျိုးစီးပွားဆုတ်ယုတ်ကျဆင်းအောင် ဖန်တီးလုပ်ဆောင်နေသည့် အဖျက်အမှောင့်သမားများသည် မြန်မာ့ပင်လယ်ကူးသင်္ဘောသားများလောကအတွင်းကို ထိုးဖောက်ဝင်ရောက် သွေးဆောင်ဖြားယောင်းမှုများ လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း။

## သူ့ရဲကောင်းစိတ်ဓာတ်

ယခုကဲ့သို့ အဖျက်အမှောင့်သမားများနှင့် ကြုံတွေ့ရသည့်အချိန်အခါမျိုးတွင် လတ်တလော မက်လုံးပေး သွေးဆောင် ဖြားယောင်းမှုများ၏ ကောက်ကျစ်သော သဘောထားအမှန်ကို သိမြင်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ မြန်မာ့စိတ်ဓာတ်ကို တည့်မတ်ခိုင်မာစွာ မွေးမြူရင်း နိုင်ငံတော်၏သစ္စာကို စောင့်သိကြရန်၊ မိမိနိုင်ငံနှင့် မိမိလူမျိုး၏ ဂုဏ်သိက္ခာမညှိုးနွမ်းစေရအောင် စောင့်ထိန်းသွားကြရန်၊ သူတစ်ပါးသြဇာခံအဖြစ် မရောက်ရအောင် မြန်မာတို့၏ သူ့ရဲကောင်းစိတ်ဓာတ်ကို မွေးမြူကြရန်မှာကြားလိုကြောင်း။

အဖျက်အမှောင့်သမားများက ဖန်တီးဖော်ဆောင်လာသည့် ပြဿနာများအပါအဝင် တိုင်းတစ်ပါး၌ တွေ့ကြုံရသည့် ပင်ပန်းခက်ခဲမှုများ၊ အကျပ်အတည်းများနှင့် ရင်ဆိုင်ရမှုများကို မိမိတို့မြန်မာအချင်းချင်း ရိုင်းပင်းကူညီမှု၊ ဖေးမစောင့်ရှောက်မှုများဖြင့် ရင်ဆိုင်ကျော်လွှားကြရင်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်စေရအောင် ညီအစ်ကိုနှောင်ရင်းစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး၊ ရိုင်းရိုင်းပင်းပင်း ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

## ကျေးဇူးတုံ့ပြန်ဆောင်ရွက်

အထူးသဖြင့်ကုန်သွယ်ရေကြောင်းကဏ္ဍတွင် ရေကြောင်းပညာရှင်များ၊ ရေကြောင်းအင်ဂျင်နီယာများ အနေဖြင့် ပြည်ပအလုပ်အကိုင်က တစ်ဆင့် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုနိုင်နေသည့် ယနေ့ခေတ်ကာလတွင် မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ကြိုးစားအားထုတ်ရင်း နိုင်ငံတော်အကျိုးဖြစ်ထွန်းစေရေးအတွက်လည်း တစ်ပြန်တစ်လှည့် တာဝန်ကျေပွန်စေရအောင် နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

ယနေ့စတင်ပြီး သင်တန်းတက်ကြရမည့် ကုန်သွယ်ရေကြောင်းအရာရှိလောင်းများအနေဖြင့်လည်း နိုင်ငံတကာအဆင့်မီ ရေကြောင်းဆိုင်ရာပညာရပ်များကို အမိနိုင်ငံအတွင်း လေ့လာဆည်းပူးခွင့်ရရှိနေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် ကျွမ်းကျင်ထက်မြက်သော ရေကြောင်းအရာရှိများ ဖြစ်လာအောင် ဝီရိယစိုက်ထုတ်ပြီး အပတ်တကုတ်အားထုတ်ကြိုးစား ဆည်းပူးသွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ကုန်သွယ်ရေကြောင်းအရာရှိများကို မှာကြားလိုသည်မှာ–

- **အမိနိုင်ငံတော်ကြီးနိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုး တိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာရေး၊ ပြည်ပဝင်ငွေ တိုးပွားရရှိရေးတို့အတွက် မိမိတို့ ကျွမ်းကျင်လိမ္မာရာ ရေကြောင်းအတတ်ပညာနှင့်ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါ၊**
- **အရည်အသွေး ပြည့်ဝမြင့်မားပြီး မိမိနိုင်ငံနှင့်မိမိလူမျိုးတို့၏ ဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်သော ကုန်သွယ်ရေကြောင်း အရာရှိများအဖြစ် ထူးချွန်အောင်မြင်အောင် ကြိုးစားအားထုတ်သွားကြပါ၊**
- **အခြေအနေ အချိန်အခါ အရပ်ရပ်တွင် မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်သော နိုင်ငံ့အကျိုးပြု အရာရှိကောင်းများဖြစ်အောင်ကြိုးစားအားထုတ်သွားကြပါ**

ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ကျောင်းဆင်းပွဲ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၈–၅–၂၀၀၄**
**(စနေနေ့)နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ ဆရာတော်ဦးဃောသိတ တရားတော်
**" ဒါရုကဓန္ဓေ ပမသုတ်"**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၄း၅၀ ၈။ မျိုးချစ်တပ်မတော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Total Debtors Account and Total Creditors (စီးပွားရေးပညာ)
၅း၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၂။ English Premier League ဘောလုံးပွဲ Manchester United Vs Chelsea
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း–၄၀)
၁၈။ အပိတ်နှုတ်ဆက်စကား

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီပုံမှန်စည်းဝေး အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အမှာစကားပြောကြား

ရန်ကုန် မေ ၇

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းကဏ္ဍကြီး ငါးရပ်နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေများ၊ စည်းရုံးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

## အတည်ပြုချက်ရယူ

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ (၁/၂၀၀၄) အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဗဟိုစည်းရုံးရေးကော်မတီအတွင်းရေးမှူးက (၂/၂၀၀၄) အစည်းအဝေးသို့တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် လုပ်ငန်းတာဝန်ကြီး(၅)ရပ် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (အငြိမ်းစား)က ကော်မတီနှင့် လုပ်ငန်းအဖွဲ့လိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး ကျင်းပရေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကော်မတီဥက္ကဋ္ဌရှင်းလင်းမှာကြား

ရန်ကုန် မေ ၇

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။**

## တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်ဆပ်ကော်မတီဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။ **(အပေါ်ပုံ)**

## လုပ်ငန်းဆောင်ရွက်ပြီးစီးမှု

ထို့နောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဖြေဖျော်ရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့်ပရိဘောဂဖြည့်တင်းရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းဌာနအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ညှိနှိုင်းဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြကြပြီး အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကား ပြောကြားကာ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များသည် အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**(သတင်းစဉ်)**

# ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့် ပို့ဆောင်ရေးဝန်ကြီးတက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်ဆုများချီးမြှင့်

ရန်ကုန် မေ ၇

**ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း အပတ်စဉ် (စီဒီ-၃၁) ထူးချွန်ဆုပေးပွဲသင်တန်းဆင်း အောင်လက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ ရေကြောင်းပညာသိပ္ပံခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဥာဏ်ထွန်းအောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်း ဆင်းကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကား ပြောကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေက ကုန်သွယ်ရေကြောင်းအရာရှိလောင်း(ရေကြောင်း)တွင် စံပြအရာရှိလောင်းဆုရ အရာရှိလောင်းစည်သူလွင်နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း(အင်ဂျင်နီယာ)တွင် စံပြအရာရှိလောင်းဆုရ အရာရှိလောင်း ကိုကိုမောင်တို့အား လည်းကောင်း၊ ဒုတိယဝန်ကြီးဦးဖေသန်းက ကုန်သွယ်ရေကြောင်းအရာရှိလောင်း(ရေကြောင်း)တွင် စာပေထူးချွန်ဆုရ အရာရှိလောင်းနေလင်းထွန်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဥာဏ်ထွန်းအောင်က ကုန်သွယ်ရေကြောင်းအရာရှိလောင်း(အင်ဂျင်နီယာ)တွင် စာပေထူးချွန်ဆုရ အရာရှိလောင်းနေထွန်းဦးအား လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိဗိုလ်မှူးချုပ်မျိုးတင်က စစ်ရေးပြထူးချွန်ဆုရ အရာရှိလောင်း ကျော်သက်ထွန်းအားလည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးဦးဝင်းသိမ်းက သင်တန်းဆင်းကျောင်းသားများအား ဆုံးမ စကားပြောကြားပြီးဝတ်စားဆင်မှု ထူးချွန်ဆု၊ အခန်းတွင်းသန့်ရှင်းသပ်ရပ်မှုထူးချွန်ဆု၊ အကောင်းဆုံးစစ်ရေးပြတပ်ခွဲဆုရရှိကြသော ထူးချွန်ဆုရ ကျောင်းသားများနှင့် တပ်ခွဲခေါင်းဆောင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းနှင့်ဌာနမှူးများက သင်တန်းသားများအား အောင်လက်မှတ်များကို တစ်ဦးချင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားလိုင်းသစ်ထုတ်လွှင့်နိုင်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။**

**(သတင်းစဉ်)**

**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ် မေလ (၁၁) ရက်မှ (၁၃) ရက် ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း ရန်ကုန်မြို့**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၅-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ ရွှေလီတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Happy and Educational English Summer Course MRTV(Senior Class)
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃း၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၉)
၁၄း၀၀ ၇။ ပျားလိမ္မော်စိုက်ပျိုးရေးလုပ်ငန်း
၁၄း၁၀ ၈။ **"မြတ်မျိုးမြင့်မှန်"** ပြေတီဦး၊ မေစန္ဒာစိုးညွန့်၊ ဦးကျော်နိုင်၊ ဦးစောနိုင်(ရှမ်းပြည်)
၁၄း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၁၀။ International News
၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ ရုက္ခဗေဒ သတ္တဗေဒအထူးပြုများ)(ဓာတုဗေဒ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ **"သစ်ဆိမ့်ဖူးစာ"** (သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၇း၄၅ ၈။ တေးဂီတအစီအစဉ်
၁၈း၀၀ ၉။ ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၁၈း၁၅ ၁၀။ စားကြမယ်ဟော့ ကောင်းကောင်း
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ Discovery
၁၉း၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၉)
၁၉း၄၅ ၁၅။ ဆီထွက်သီးနှံဖူလုံရေး ဆီအုန်းတိုးချဲ့စိုက်ပျိုးပေး
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"အပြာရောင်သမုဒယကောင်းကင်"** (လူမင်း၊ မို့မို့မြင့်အောင်၊ ရတနာခင်) (ဒါရိုက်တာ-သန်းဖေလေး)



# MRTV-4 Channel အောင်မြင်ရေး ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းမှာကြား

ရန်ကုန် မေ ၇

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ကြီးဌာနများနှင့်သက်ဆိုင်သော ပညာပေးအစီအစဉ်အဖြစ် ရုပ်မြင်သံကြားလိုင်းအသစ်တစ်ခုထပ်မံတိုးချဲ့ထုတ်လုပ်ရေး တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာ စကားပြောကြားရာတွင် MRTV-4 Channel အောင်မြင်အောင် ထုတ်လွှင့်ရေးမှာ ဝန်ကြီးဌာန အသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ပြည်သူများကိုလည်းကောင်း၊ မိမိဝန်ထမ်းများကိုလည်းကောင်း ပညာပေးလိုသော၊ အသိပေးလိုသော Programများကို ထုပ်လုပ်ပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ပြည်နယ်၊ တိုင်း အသီးသီးရှိ ဝန်ကြီးဌာန ရုံး၊ ကျောင်း၊ သင်တန်း၊ သုတေသနဌာန စသည်တို့တွင် MRTV-4 ဖမ်းစက်များ တပ်ဆင်ပြီး သင်ခန်းစာများ ပို့ချနိုင်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင် အသုံးပြုသင့်ကြောင်း၊ အလားတူ ပြည်သူများအနေဖြင့်လည်း MRTV-4 ဖမ်းစက်များ တပ်ဆင်ကြည့်ရှုလာအောင် စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ Channel-4 ၏ ရည်ရွယ်ချက် အောင်မြင်မည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ဝန်ကြီးဌာနများမှ Program အတော်များများကို ရရှိနေပြီဖြစ်၍ မကြာမီရက်ပိုင်းအတွင်း စတင်ထုတ်လွှင့်တော့မည် ဖြစ်ကြောင်း၊ ယခုထက် ပိုမိုပြည့်စုံကောင်းမွန်အောင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက MRTV-4 ထုတ်လွှင့်ရန် ပြင်ဆင်ထားရှိမှု၊ ဝန်ကြီးဌာနများမှ Programများ ပေးပို့ထားရှိမှုနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆောင်ရွက်ပေးမည့် ကဏ္ဍများ၊ MRTV-4 ထုတ်လွှင့်မည့် အစီအစဉ်လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ Forever Group Co., Ltd. ဒါရိုက်တာ ဦးဝင်းမော်က ဝန်ကြီးဌာနများအလိုက် MRTV-4 တွင် ထုတ်လွှင့်နိုင်မှု အခြေအနေများနှင့် MM Box များတွင် ထည့်သွင်းထားသည့် Program များ MM Box ၏ စွမ်းဆောင်နိုင်မှု အရည်အသွေးများကို ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ပြီးစီးမှု**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက MRTV-4 ထုတ်လွှင့်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ထပ်မံ ရိုက်ကူး ထုတ်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်း အစည်းအဝေးကို ညနေ ၆နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

မကြာမီရက်ပိုင်းအတွင်း စတင်ထုတ်လွှင့်တော့မည့် MRTV-4 ရုပ်မြင်သံကြားလိုင်းတွင် ပြည်သူများ ဗဟုသုတကြွယ်ဝစေမည့် သိကောင်းဖွယ်ရာ အစီအစဉ်များအပြင် ဖျော်ဖြေရေးအစီအစဉ်များ၊ သတင်းများ ဝေဝေဆာဆာ ပါဝင်မည် ဖြစ်သည်။ MRTV-4ကို ဖမ်းယူကြည့်ရှုနိုင်မည့် မြန်မာမီဒီယာစက် MM Box တွင် နေ့စဉ် ပြည်တွင်းပြည်ပ ရုပ်ရှင်ဗီဒီယိုဇာတ်ကား သုံးကား၊ နိုင်ငံခြား ဇာတ်လမ်းတွဲများ၊ တေးဂီတဖျော်ဖြေရေး အစီအစဉ်များ၊ ကာရာအိုကေ တေးသီချင်းများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက် အစီအစဉ်များ၊ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်နှင့် လစဉ်ထုတ် မဂ္ဂဇင်းများကိုလည်း ထည့်သွင်းပေးထားမည်ဖြစ်သည်။ ထိုအစီအစဉ်များကို ပြည်သူများအနေဖြင့် နှစ်သက်ရာအချိန်တွင် ရွေးချယ်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာ့အသံ ရေဒီယို အစီအစဉ်များ၊ တိုင်းရင်းသားအစီအစဉ်များ အပါအဝင် Yangon City FM အစီအစဉ်များကိုလည်း အချိန်နှင့် တစ်ပြေးညီ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် MM Boxဖြင့် နားဆင်နိုင်ရန် စုံလင်စွာ စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုး**

**ကြိုတင်ကာကွယ်မှုဖြင့်အနိုင်ယူပါ**




# Daewoo E &P Myanmar ရုံးသစ်ဖွင့်လှစ်

ရန်ကုန် မေ ၇

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းတွင် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC) စတုတ္ထထပ်၌ကျင်းပပြုသော Daewoo E &P Myanmar ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ဒေဝူးကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Kyung Woo၊ ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် Mr.Tae Yong Lee နှင့် တာဝန်ရှိသူတို့က ရုံးခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

Daewoo E &P Myanmar သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားနိုင်ရန်အတွက် ယခုကဲ့သို့ ရုံးသစ်ဖွင့်ဆောင်ရွက်လာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နွေရာသီလူသစ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် နွေရာသီတိုက်ကွမ်ဒို လူသစ်တန်းပြိုင်ပွဲကို အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ မေ ၁၂ရက်မှ ၁၄ရက်အထိ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် လူသစ်တန်း ကကွက်ပြိုင်ပွဲနှင့် သက်တန်းအလိုက် ပြိုင်ပွဲ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံများကို အောင်ဆန်း အားကစားပြိုင်ကွင်းရှိ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ရုံး၌ ထုတ်ယူနိုင်သည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် မေ ၉ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်း-၂၇၄၅၀၂၊ ၂၇၀၆၀၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဗဟိုအလုပ်အမှုဆောင်ဦးသိန်းစိန် အသင်းကြီး၏ရည်ရွယ်ချက်နှင့်မူဝါဒများပို့ချ

**ရန်ကုန် မေ ၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် ပန်းဘဲတန်း အထက(၁)၌ ပြုလုပ်သော ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေး(ဆင့်ပွား) သင်တန်း(၁/၂၀၀၄)၌ အသင်းကြီး၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့်စပ်လျဉ်း၍ ပို့ချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

(၇-၅-၂၀၀၄)

| | | |
|---|---|---|
| မင်းဘူးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| သာယာဝတီမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် | (၁၀၇ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |
| အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် | (၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) |
| မော်လိုက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် | (၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်) |
| ရန်ကုန်မြို့ | ၃၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ် | (၁၀၀ ဒီဂရီဖာရင်ဟိုက်) |




## ပန်းချီဆရာကေမြိုး အမှတ်တရပန်းချီပြပွဲ

**ရန်ကုန် မေ ၇**

၁၁-၉-၂၀၀၃ ရက်တွင် ကွယ်လွန်သွားခဲ့သော မော်ဒန်ပန်းချီ ဆရာ၊ မဂ္ဂဇင်းသရုပ်ဖော် ပန်းချီဆရာ ကေမြိုး၏ ပန်းချီလက်ရာများ၊ မဂ္ဂဇင်းသရုပ်ဖော်ပုံများကို ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ လောကနတ်အလုပညာပြခန်းတွင်မေ ၁၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသထားမည် ဖြစ်သည်။

အဆိုပါပြပွဲကို ကေမြိုး ကွယ်လွန်သည့် ခုနစ်လပြည့်မြောက်နေ့နှင့် တိုက်ဆိုင်ပြီး ကျန်ရစ်သူ ဇနီး ကေမြိုး၊ သား ရှိန်းကေမြိုးနှင့် ကံ့ကော်ရွာသူရွာသားများက စုပေါင်း ကမကထပြု၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ကန့်ကွက်နိုင်ပါသည်

[illegible]

## မြန်မာနိုင်ငံ ဗိသုကာရှေ့ရေးတု အကြိုစာတမ်းဖတ်ပွဲ

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ ဗိသုကာအသင်းက ကြီးမှူး၍ ဗိသုကာ ရှေ့ရေးတုအကြိုလှုပ်ရှားမှုအဖြစ် Tall Building-A Challenge for Myanmar Architects and Engineers ခေါင်းစဉ်ဖြင့် စာတမ်းများ ဖတ်ကြားမည်။ မြန်မာလူနေမှုပုံစံတွင် ပါဝင်ပတ်သက်လာပြီဖြစ်သော အထပ်မြင့် အဆောက်အအုံတည်ဆောက်ရာတွင် လိုအပ်သော နည်းပညာ၊ အသိနှင့် အတတ်ပညာ၊ ဆောက်လုပ်ရေးပစ္စည်း အသုံးပြုပုံ၊ ပတ်ဝန်းကျင်အနေအထားနှင့် လူနေမှုဘဝသဟဇာတဖြစ်အောင် လိုအပ်သော အချက်များကို ပညာရှင်များအတွက်သာမကဘဲ အများပြည်သူများအတွက်ပါ ပညာပေးအစီအစဉ်ဖြင့် ဝါရင့်ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်ကြီးများက ဖတ်ကြားတင်ပြမည်။

စာတမ်းများမှာ Emergence of Tall Building, Effect of Tall Building on Town Planing and Environments, Form of Tall Building , Structural Concept for Tall Building , Basic Mechanical and Electrical Consideration for Tall Building နှင့် Distribution of Tall Building in Yangon City တို့ဖြစ်၍ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ စာတမ်းဖတ်ပွဲကို မေ ၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှစ၍ MICT Park လှိုင်တက္ကသိုလ်နယ်မြေ၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။**

**၂၀၀၄ခုနှစ်၊ မေလအတွက်**

**(၉-၅-၂၀၀၄)ရက်နေ့နှင့်**

**(၃၀-၅-၂၀၀၄)ရက်နေ့**



# တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး အရည်အသွေးစံချိန်စံညွှန်းမီ အမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၇

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နေ ပြည်သူများ သောက်သုံးရေအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေချိုများကို စက်တပ်သမ္ဗန်ဖြင့် သယ်ယူ၍ ဂါလန် ၆၀၀၀ ဆံ့ တိုင်ကီများ၌ ထည့်၍ ရေကားဖြင့် သယ်ယူဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း၊ ဆိပ်ကမ်းရေဆင်းတံတား တည်ဆောက်နိုင်ရေး ရွေးချယ်ထားရှိမှုများကိုလည်းကောင်း၊ စလင်းကျောင်းတိုက်အနီး သောက်သုံးရေကန် ပြုပြင်ထားရှိမှုနှင့် ရေချိုသိုလှောင်ထားရှိမှုများကို လည်းကောင်း၊ ဦးသာကြွယ်ကန် ပြုပြင်တူးဖော်နေမှုများကိုလည်းကောင်း၊ ခနောင်တိုအနောက်ရပ်ကွက် အောင်မင်္ဂလာလမ်းအနီး၌ မြေဧရိယာဧက ၂၀ ၌ သန့်ရှင်းသည့် သောက်သုံးရေ သိုလှောင်နိုင်ရေးအတွက် ရေကန်တူးဖော်မည့် မြေနေရာကို လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုများကို လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့ ပြည်သူ့ဆေးရုံကို (၁၆)ခုတင်ဆံ့မှ (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ် ဆေးရုံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။ **(အပေါ်ပုံ)**



တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆိပ်ကြီးခနောင်တိုမြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း တည်ရှိသဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်များနှင့် ကွာခြားမှုနည်းနိုင်သမျှနည်းစေရန် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေရရှိရေး လုပ်ငန်းများအပြင် မြို့နယ်၏ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းများသည် မိမိတို့တာဝန်ကျရာဒေသမှ ဒေသခံ ပြည်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရေး မှာကြားသည်။

**လက်ခံရယူ**

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပရိဘောဂများပြုလုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က လက်ခံရယူသည်။

ထို့နောက် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က ဆိပ်ကြီးခနောင်တိုမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ကူညီပံ့ပိုးပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်စိန်က နိုင်ငံတော်အစိုးရမှ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ချစ်လူမိုက်ဇာတ်ကားမှ ရာဇာနေဝင်း၊ နန္ဒာလှိုင်။

# ချစ်လူမိုက် သမ္မတ၊ သွင်၊ မင်္ဂလာ သုံးရုံအပြိုင်ဝင် ဘာအရေးကြီးဆုံးလဲဇာတ်ကား မကြာမီရုံဝင်မည်

**ရုပ်ရှင် သတင်းထောက်**

ရန်ကုန် မေ ၇

လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ခင်ခင်လေး၏ဝတ္ထုကို ဇာတ်ညွှန်းမောင်မြတ်ဆွေက ရေးသားပြီး ဒါရိုက်တာအကယ်ဒမီ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **'ချစ်လူမိုက်'** ဇာတ်ကားသမ္မတ၊ သွင်၊ မင်္ဂလာရုံ သုံးရုံအပြိုင်ဝင်လာသည်။



ကာရန်အလွဲဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်း။

**'ချစ်လူမိုက်'**

**'ချစ်လူမိုက်'** ဇာတ်ကားတွင် ညီဇော်(ရာဇာနေဝင်း)သည် ရိုးအေးတည်ကြည်ပြီး အစ်ကို့အပေါ် ခွင့်လွှတ်နားလည်တတ်သည့်စိတ်ရှိသလောက် ကိုကိုကျော်(လွင်မိုး)သည် ရဲတင်းသွက်လက်ပြီး မိသားစုအပေါ် သံယောဇဉ်နည်းပါးသော စရိုက်ချင်းမတူသည့် ညီအစ်ကိုတို့ဖြစ်ကြသည်။ ညီဇော်တွင် ကျောင်းနေဖက်သူငယ်ချင်း သစ္စာမြင့်မိုရ်(နန္ဒာလှိုင်)အား ဘဝကြင်ဖော်အဖြစ် ရည်ရွယ်ထားရှိသည်။ သို့ရာတွင် ကိုကိုကျော်အရှုံးအမူးချစ်ခဲ့ရသူမှာ မိမိ၏ချစ်သူမှန်း ညီဇော်သိလိုက်ရချိန်တွင် အစ်ကို့အပေါ် အပြစ်မမြင်ဘဲ စွန့်လွှတ်အနစ်နာခံကာ မိမိ၏ နှလုံးသားကို အစတေးခံသည့် ကြေကွဲဖွယ်ရာ အချစ်ဇာတ်ကား ရုံဝင်လာသည်။

**'ကာရန်အလွဲ'**

ပုညခင်၏ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအကယ်ဒမီ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးသည့် **'ကာရန်အလွဲ'** ဇာတ်ကား နဝဒေး၊ ရွှေဆောင်နှင့် နေပြည်တော်တွင် ပြသလျက်ရှိသည်။ **'ကာရန်အလွဲ'**တွင် အကယ်ဒမီဒွေး၊ ဇာဂနာ၊ အကယ်ဒမီ



သကြၤန်ဝေးဝေးဇာတ်ကားမှ လွင်မိုး၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်။

စိုးမြတ်သူဇာနှင့် အကယ်ဒမီနန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

ဒါရိုက်တာ Parkash Tha ရိုက်ကူးပြီး Ajay Devghan kajol Mahima ပါဝင်သရုပ်ဆောင်ထားသည့် Dil kya kare ဇာတ်ကား ဘုရင်ရုံဝင်လာသည်။ ဇာတ်ကားတွင် ပျော်ရွှင်ဖွယ်အတိပြီးသော မိသားစုနေထိုင်သည့်သီရိဂေဟာလေးသို့ မမျှော်လင့်သောသူတစ်ဦးကြောင့် မုန်တိုင်းထန်ခဲ့ရသည် ကြေကွဲဖွယ်အသွင်ဇာတ်အိမ်ဖွဲ့ထားသည်။ **(မြန်မာ့အလင်း)**

**ဘာအရေးကြီးဆုံးလဲ**

**သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်၍ ကိုအောင်မင်းသိမ်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာဇာဂနာရိုက်ကူးပြီး ကျော်သူ၊ လူမင်း၊ ဇာဂနာနှင့် ဆုပန်ထွာတို့ ခေါင်းဆောင်ပါဝင်ထားသည့် ဘာအရေးကြီးဆုံးလဲဇာတ်ကား မကြာမီ ရုံဝင်လာမည်ဖြစ်သည်။** (မြန်မာ့အလင်း)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇)သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၇

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၇)သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## ညစာစားပွဲတက်ရောက်

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဗထူးတပ်နယ်မှူးနှင့်

*စာမျက်နှာ ၇ ကော်လံ ၄* *

# ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးအခြေခံအုတ်မြစ်များ ရာနှုန်းပြည့်နီးပါးထူထောင်ပေးပြီးဖြစ် စားနပ်ရိက္ခာလက်ငင်းဖူလုံရုံသာမက နောင်တိုးပွားလာမည့်မျိုးဆက်သစ်များအတွက်ပါဆောင်ရွက် ကယားပြည်နယ်တည်ငြိမ်အေးချမ်းစပြုလာပြီဖြစ်၍ မကြာမီဖွံ့ဖြိုးတိုးတက်လာမည်မှာသေချာ ဌာနဆိုင်ရာဝန်ထမ်းများမိမိရပ်ရွာဒေသကဲ့သို့သဘောထားပြီးပိုမိုဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း

ရန်ကုန် မေ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမတွင် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့ နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံမှာကြားပြီးနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)


## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး